# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်း တကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘော ရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲ တည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့ သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၇၁)


# နိုင်ငံတော်သမ္မတအိမ်တော်တွင် ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေး ကျင်းပ



နိုင်ငံတော်သမ္မတအိမ်တော်တွင် ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဇွန် ၃၀**

ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေးတစ်ရပ်ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ညှိခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားပြီး မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေများနှင့် လုံခြုံရေးဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ☼

## နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့် သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းအတွက် နှုန်းထားပြင်ဆင်သတ်မှတ်ချက်များ ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့်သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းအတွက် နှုန်းထားပြင်ဆင်သတ်မှတ်ချက်များကို ဇူလိုင် ၁ ရက် မှစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။


ထိုသို့ သက်တမ်းတိုးမြှင့်ခြင်းအတွက် ပြင်ဆင်သတ်မှတ်မည့် နှုန်းထားများမှာ နေခွင့် (Stay)ဗီဇာအမျိုးအစားများအတွက် နေခွင့်ကာလ တစ်ရက်မှ သုံးလအထိ ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၅၀ ဖြင့်လည်းကောင်း၊ သုံးလမှ ခြောက်လအထိ ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၁၀၀ ဖြင့်လည်းကောင်း၊ ခြောက်လအထက်မှ တစ်နှစ်အထိ ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့်လည်းကောင်း၊ တစ်ကြိမ်အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ (Single Re-entry Visa) အမျိုးအစားအတွက် နေခွင့်သက်တမ်းအတွင်း အများဆုံး ခြောက်လအထိ ပြင်ဆင်သတ်မှတ်ပြီး ၎င်းအတွက် ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၆၀ ဖြင့်လည်းကောင်း၊ အကြိမ်ကြိမ်အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ (Multiple Journey Special Re-entry Visa) အမျိုးအစားအတွက် နေခွင့်သက်တမ်းအတွင်း အများဆုံး တစ်နှစ်အထိ ပြင်ဆင်သတ်မှတ်ပြီး ၎င်းအတွက် ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့်လည်းကောင်း ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သက်သက်ပိုင်(သတင်းစဉ်)**

## ရှိရင်းစွဲမိတ်ဆွေနိုင်ငံတွေနဲ့ ဆက်ဆံရေး ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်နေသလို မိတ်ဆွေသစ်တွေ တိုးပွားအောင်၊ ရင်းနှီးမှုတွေရအောင်လည်း ဆောင်ရွက်ရပါတယ်

(အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)

စာမျက်နှာ » ၈၉

မြန်မာ့အလင်း

# လစ်ဟာချက်တစ်ရပ်ကို ဖြည့်ဆည်းခြင်း

မည်သည့်နိုင်ငံ၌မဆို အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ဟန်ချက်ညီသော သို့မဟုတ် အပြန်အလှန်ညှိညှိနှိုင်းနှိုင်းဆောင်ရွက်နိုင်စွမ်းရှိသောဆက်ဆံရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အလုပ်သမားတို့၏ ရသင့် ရထိုက်သော အခွင့်အရေးများကို အလုပ်ရှင်တို့က အပြည့်အဝပေးရန်လိုအပ်သကဲ့သို့ အလုပ်သမားတို့ကလည်း အလုပ်ရှင်တို့၏ လုပ်ငန်းလည်ပတ်နိုင်စွမ်းကို ထိခိုက်နစ်နာစေသည်အထိ တောင်းဆိုမှုများ မပြုလုပ်ရန်လိုအပ်ပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အထက်ပါဆက်ဆံရေးမျိုး ထူထောင်နိုင်ရန်အတွက် သက်ဆိုင်ရာအတည်ပြုပြဋ္ဌာန်းပြီး ဥပဒေတို့ကို နှစ်ဖက်စလုံးတို့က ကျေကျေညက်ညက်နားလည်ရန်လိုအပ်ပါသည်။ သို့သော် လက်တွေ့ဆောင်ရွက်ရာ၌ ဥပဒေပြဋ္ဌာန်းချက်တို့ကို အသေဆုပ်ကိုင်ခြင်းမျိုးထက် ပြဋ္ဌာန်းထားသောဥပဒေတို့၏ ဘောင်အတွင်းက နှစ်ဖက်စလုံးလက်ခံနိုင်သည့်ဖြေရှင်းချက်ရရှိရေးကို ကြိုးပမ်းခြင်းသည် အရေးကြီးသောလိုအပ်ချက်ဖြစ်ပါသည်။

နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေတို့အရ အလုပ်သမားအဖွဲ့အစည်းတို့ လည်ပတ်လှုပ်ရှားနေပြီဖြစ်သော်လည်း အလုပ်ရှင်အဖွဲ့အစည်းဟူ၍ မရှိသေးသည်မှာ လစ်ဟာနေသောလိုအပ်ချက်တစ်ရပ်ဖြစ်နေပါသည်။ ယခုအခါ အဆိုပါ လစ်ဟာချက်ကို ဖြည့်ဆည်းရန်အတွက် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့သည် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ချိတ်ဆက်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤသို့ချိတ်ဆက်ဆောင်ရွက်နေမှုကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတို့ကလည်း လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဤနေရာ၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ လုပ်ဆောင်ချက်တို့ကို အသိအမှတ်ပြုတင်ပြလိုပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့က မန်နေဂျာများအပါအဝင် လုပ်ငန်းရှင်တို့အား အလုပ်သမားဆိုင်ရာ ကိစ္စရပ်တို့ကိုသာမက အလုပ်ရှင်၊ အလုပ်သမားတို့နှင့် အကျုံးဝင်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေတို့ကို သင်တန်းပေး ပို့ချပေးနေခြင်းသည် အခြေခံအုတ်မြစ်လို အပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းဖော်ဆောင်ပေးနေခြင်းဖြစ်ပါသည်။ ဤအခြေခံအုတ်မြစ် လိုအပ်ချက်ဖြည့်ဆည်းမှုတို့ အရှိန်အဟုန်ရလာသည်နှင့်အမျှ ယခုနှစ်အတွင်း တိုင်းဒေသကြီးတို့နှင့် ပြည်နယ်အားလုံးတို့တွင် အလုပ်ရှင်အဖွဲ့အစည်းများ ဖွဲ့စည်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၂ခုနှစ် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု ဖျန်ဖြေရေးဥပဒေရှိပြီးဖြစ်သော်လည်း အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်ရှင်အဖွဲ့အစည်းတို့အကြား ညှိနှိုင်းဆွေးနွေးမှုသည် ပကတိအခြေအနေတစ်ရပ်လုံးအပေါ် ပိုမိုလွှမ်းခြုံမှုရှိစေမည်ဖြစ်ပါသည်။ အရေးကြီးဆုံးအချက်မှာ အလုပ်သမားအဖွဲ့အစည်းတို့နှင့် အလုပ်ရှင်အဖွဲ့အစည်းတို့သည် တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကို ဦးတည်လျက် နှစ်ဖက်စလုံးကလက်ခံနိုင်သော မျှတသည့်ဖြေရှင်းချက်ရရှိစေရန် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ထိုင်းနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံခြားသားအလုပ်သမားများစီမံခန့်ခွဲရေးဥပဒေ ကျင့်သုံးခြင်းကို ရက်ပေါင်း ၁၂၀ ရပ်ဆိုင်း

**နေပြည်တော်  ဇွန်  ၃၀**

ရန်ကုန်မြို့တွင် ယနေ့ကျင်းပသည့် မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားအရေးကျွမ်းကျင်သူများ အစည်းအဝေးတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ ညှိနှိုင်းဆွေးနွေးချက်များအရ ထိုင်းနိုင်ငံတွင် ယခုကျင့်သုံးနေသည့် နိုင်ငံခြားသားအလုပ်သမားများ စီမံခန့်ခွဲရေးဥပဒေကျင့်သုံးခြင်းကို ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ ရက်ပေါင်း ၁၂၀ ရပ်ဆိုင်းလိုက်ကြောင်း ထိုင်းနိုင်ငံအလုပ်အကိုင်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းရှိန် ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင်ကျော် ညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဂ) | ဦးညွန့်ဝင်း ညွှန်ကြားရေးမှူးချုပ် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်တင်တင်လေး ညွှန်ကြားရေးမှူးချုပ် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၉ခုနှစ် ၊  လ  ရက်**
**(၂၀၁၇ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော **"အသက် ၇၀ နှစ်ထက်မကြီးသူ"** ဆိုသည့်စကားရပ်ကို **"အသက် ၇၅ နှစ်ထက်မကြီးသူ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# ပုဂံရထားအချိန်ပြောင်းလဲမည်

**နွားထိုးကြီး  ဇွန်  ၃၀**

မန္တလေး-ပုဂံ လမ်းပိုင်းကို မြန်မာ့မီးရထားက ဇူလိုင် ၁ ရက်မှစ၍ အချိန်ပြောင်းလဲပြေးဆွဲရန်ရှိကြောင်း နွားထိုးကြီးဘူတာရုံပိုင်က ပြောသည်။

ရထားလေးစင်းစလုံး ယခင်ကထက် စောထွက်ကြပြီး လမ်းဘူတာ ၄၂ ခုကို ယခင်ထက် ရပ်နားချိန်တိုသွားမည်ဖြစ်သည်။ ရထားများ အချိန်ပြောင်းလဲထွက်ခွာသောကြောင့် ပုဂံလမ်းပိုင်း ရထားစက်ခေါင်းကြံ့ခိုင်မှုတွဲဆိုင်းပြင်ဆင်မှုအချိန်ပိုရမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၃ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ | ·၈၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၀၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ | ·၅၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၅၆။

※ ရှေ့စာမှ

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် (ဒေါက်တာကိုဖီအာနန်ကော်မရှင်)၏ ကြားဖြတ်အစီရင်ခံစာနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းခဲ့သည့် Fact Finding Mission နှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီး အစည်းအဝေးကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတအိမ်တော်တွင် ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေး၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများအား တွေ့ရစဉ် (သတင်းစဉ်)

# Asian Development Bank မှ ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇွန်  ၃၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Asian Development Bank မှ အဖွဲ့ဝင် ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ ဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ ပြန်လည်ရောက်ရှိ

**နေပြည်တော်  ဇွန်  ၃၀**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် ဥရောပ-အာရှနိုင်ငံများ၏ လွှတ်တော်ဥက္ကဋ္ဌများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က မြန်မာလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်၏ ရပ်တည်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး မွန်းလွဲပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသမ္မတက တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ပြန်လည်ရောက်ရှိ**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇွန် ၂၈ ရက်တွင် ဥရောပ-အာရှနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများနှင့်အတူ တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယား နိုင်ငံအကြားရှိ စစ်မဲ့ဇုန်သို့ သွားရောက်လေ့လာခဲ့ပြီး ဇွန် ၂၉ ရက် ည ၁၀ နာရီခွဲတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  ဇွန်  ၃၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## အမြင်

ကြည့်ရာလမ်းကြောင်းမတူညီလျှင်
မြင်သည့်ရလဒ် ကွဲပြားမည်ပင်
သူ့ဘက်ကကြည့် လက်ဖမိုးမြင်
ကိုယ့်ဘက်ကကြည့် လက်ဖဝါးမြင်
အကြည့်ကွဲပြား
အမှားအမှန် ငြင်းခုံရာတွင်
သဘာဝတရားအခြေခံထား၍
ထောက်ရှုတွေးခေါ် မြင်ခဲ့သော်
လက်ဟူသည်ကား
လက်ဖဝါး လက်ဖမိုး နှစ်မျိုးရှိ၍
သူ့ဘက်ကိုယ့်ဘက်
ကြည့်သူ့အမြင် အမှန်ပင်ဟု
မျှော်တွေးထောက်ရှု စဉ်းစားပြု၍
လက်၏ ပုံပမာ နမူနာကို
တို့ပြည်သူတို့ နှိုင်းချင့်ပြုကာ
ညှိနှိုင်းပါလျှင်
ညီညာပေါင်းစု ပြည်ထောင်စုကို
တည်ထောင်ပြု၍ ရပေအံ့။

**မောင်ဖေ(မန်းမြို့)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်း၊ တောင်အာဖရိကနှင့် မက္ကဆီကိုနိုင်ငံတို့မှ သံအမတ်ကြီးများအား တွေ့ဆုံ

## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  ဇွန်  ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံအား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်အား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး မစ္စတာ နသန် ဝုဖ် လက်စ်ဘေဒါအား နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့ ဆက်ဆံရေး ပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-မက္ကဆီကို နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

# နယ်စပ်များရှိ တရားဝင် ဝင်ပေါက်များမှ သွားရောက်လုပ်ကိုင်ခွင့်ရှိသည့် နယ်မြေများကို နှစ်ဖက်စလုံးတွင် တိုးချဲ့သတ်မှတ်ရေး ဆွေးနွေး

နေပြည်တော်  ဇွန်  ၃၀

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ Deputy Director General Mr. Greg Vines နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (အောက်ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ILO တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဓမ္မခိုင်းစေမှု တိုက်ဖျက်ရေး လုပ်ငန်းစီမံချက် အမြန်ဆုံးအတည်ပြုနိုင်ရေးနှင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံအတွင်း ကောင်းမွန်သင့်တော်သည့် အလုပ်အကိုင် အစီအစဉ် (Decent Work Country Program) ကို ရှေ့ဆက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်စ်ဘွန်လုံနှင့်အဖွဲ့အား တွေ့ဆုံပြီး လက်ရှိထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ပို့ခံနေကြရသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား လုံလောက်သော ပြင်ဆင်ချိန်ပေးရန်၊ လုံခြုံမှုအတွက် ကာကွယ်ပေးရန် အပါအဝင် ရှေ့ဆက်၍ နှစ်နိုင်ငံအကြား လိုအပ်သော ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး မြန်မာ့ရွှေ့ပြောင်းအလုပ် သမားများအား စနစ်တကျ မှတ်ပုံတင်၍ တရားဝင်ရွှေ့ပြောင်းအလုပ်သမားများဖြစ်စေရေး၊ ထိုင်းနိုင်ငံမှ သတ်မှတ်ထားသော လုပ်ခလစာ အပြည့်အဝရရှိစေရေးနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထား(CI) ထုတ်ပေးသည့် လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ထို့အပြင် နယ်စပ်များရှိ တရားဝင် ဝင်ပေါက်များမှ သွားရောက်ခွင့်ရှိသည့် နယ်မြေများကို နှစ်ဖက်စလုံးတွင် တိုးချဲ့သတ်မှတ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်ထံ သံအမတ်ကြီး ဦးသာအောင်ညွန့် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  ဇူလိုင်  ၁**

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၂၈ ရက်တွင် ဝယ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒိမ် ပက်စီ ရက်ဒီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။
**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ LIFT Fund ကိုယ်စားလှယ်အဖွဲ့နှင့် တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးတို့အား တွေ့ဆုံ

**နေပြည်တော်  ဇွန်  ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် Livelihood and Food Security Trust(LIFT Fund) အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေအဖွဲ့မှ Ms. Katy Webley နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံ၍ မြေယာဖွံ့ဖြိုးရေးနှင့် အဆင့်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၃ နာရီတွင် (ဗန်ကောက်မြို့အခြေစိုက်) တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာ၊ သား၊ ငါး ကဏ္ဍထုတ်ကုန်များအား တောင်အာဖရိကနိုင်ငံ ဈေးကွက်သို့ တင်ပို့ရောင်းချရေးဆိုင်ရာကိစ္စရပ်များနှင့် တောင်အာဖရိကနိုင်ငံ၏ အဓိကစားသုံးသီးနှံပြောင်းဈေးကွက်အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# တောင်သူလယ်သမားများ၏ လယ်ယာမြေအကျိုးစီးပွား စီမံခန့်ခွဲမှုဆိုင်ရာများဆွေးနွေး

**နေပြည်တော်  ဇွန်  ၃၀**

ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းနှင့် ကော်မတီအဖွဲ့ဝင်များသည် တောင်သူဖွံ့ဖြိုးရေးသင်တန်းကျောင်း (GPI) အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေအကျိုးစီးပွား စီမံခန့်ခွဲမှုဆိုင်ရာများ၊ မြေအသုံးပြုခွင့်လက်မှတ် (ပုံစံ-၇) ရရှိရေးနှင့် သိမ်းဆည်းခံလယ်ယာမြေပြဿနာများအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သူများအတွက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများစုပေါင်း၍ ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၃၀**

တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများကိုယ်စား မောင်ကျော်စံဝင်းက ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မောင်ကျော်စံဝင်းနှင့် အဖွဲ့က တက္ကသိုလ်များနှင့် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများကိုယ်စား ထောက်ပံ့ငွေ ကျပ် ၂၉ သိန်းကို ပေးအပ်ရာ ကာကွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံ၍ ကျေးဇူးတင်မှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ် လှူဒါန်းသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်လေ့ကျင့် ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူ များမှာ မန္တလေး၊ တောင်ကြီး၊ မိတ္ထီလာ၊ ကျောက်ဆည်နှင့် မော်လမြိုင်မြို့များရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်း သူများဖြစ်ပြီး စုပေါင်း၍ ထောက်ပံ့ငွေ ပေးအပ်ကြခြင်းဖြစ်ကြောင်း သိရ သည်။

**(သတင်းစဉ်)**






# တပ်မတော်ပို့ဆောင်ရေးY-8 လေယာဉ်ပျက်ကျရာတွင်ပါဝင်ခဲ့သူများအတွက် ပြည်ထောင်စုဝန်ကြီးဌာနများက ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၃၀**

တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျခဲ့ရာတွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြန်ကြား ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ပေးအပ် လှူဒါန်းကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ငွေကျပ် ၃၆၆၆၀၀၀ ကို နံနက် ၉ နာရီတွင် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် **(အပေါ်ပုံ)**က ငွေကျပ် ၂၅ သိန်းကို နံနက် ၁၁ နာရီတွင် လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကာကွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူသည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ခွဲတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) စုဝေးခန်းမ၌ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် ဆွေးနွေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပညာရေး ဝန်ထမ်းများအနေဖြင့် ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု အရည်အသွေး၊ ကျွမ်းကျင်မှုအရည် အသွေးမြင့်မားအောင် သင်ကြား လေ့ကျင့်ပေးရန်၊ စဉ်ဆက်မပြတ်အကဲ ဖြတ်နေရမည့်အပြင် လူသားကောင်းများ ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်ပေး ရန်၊ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များ မွေးမြူပေးရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုအသိစိတ်ဓာတ် ဖြစ်ပေါ်လာအောင် လေ့ကျင့်ပေးရန်နှင့် တီထွင်ကြံဆမှုများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါ ကြောင်း၊ ဆရာ ဆရာမများ ကိုယ်တိုင် က ကျွမ်းကျင်မှုစံအရည်အသွေးပြည့်စုံ စေရန်အတွက် တရားသောယှဉ်ပြိုင်မှု ဖြင့်ယှဉ်ပြိုင်ရင်း တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမည့်အပြင် ပုံမှန်ထက် သာလွန်သော တီထွင်ကြံဆမှုမျိုးလည်း လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းစေ ရန်နှင့် ICT နည်းပညာကျွမ်းကျင်ရန် လေ့လာဆည်းပူး သင်ယူနေကြရမည် ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု အားလုံးသည် ပညာရေးအပေါ်တွင် တည်မှီလျက်ရှိရာ ဆရာ ဆရာမများ အနေဖြင့် သာလွန်သော အရည်အသွေး နှင့် အရည်အချင်းများ ပြည့်ဝအောင် ကြိုးစားကြစေလိုကြောင်း ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုး သားလူ့အခွင့်အရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးကို ပိုမိုသိရှိနားလည်လာပြီး လူ့အခွင့်အရေး များနှင့် အခြေခံလွတ်လပ်ခွင့်များ အပေါ် လေးစားမှုကို ပိုမိုခိုင်မာလာစေရန် နှင့် လောကပါလတရားနှင့် ပြဟ္မစိုရ် တရားထွန်းကားပြီး လူ့အခွင့်အရေးစံနှုန်း များမြင့်မားသော လူ့ဘောင်ပေါ်ထွန်း လာရန်အတွက် နိုင်ငံသားတိုင်း လူ့အခွင့် အရေးများ လေးစားလိုက်နာကျင့်သုံး တတ်စေရန် ရည်ရွယ်ချက်များကို လည်း ကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံ အယူအဆများနှင့် ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ အကြောင်း ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြ သူများက သိရှိလိုသည်များကို မေးမြန်း ကြရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ဝင်တို့က ပြန်လည်ဆွေးနွေးဖြေကြား ကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ အရာ ထမ်း၊ အမှုထမ်းများ တက်ရောက်ကြ သည်။ **(သတင်းစဉ်)**

# ဒေသကောလိပ်(၂) ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တက္ကသိုလ်လှိုင်နယ်မြေ အာစရိယပူဇော်ပွဲအတွက် လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၃၀**

အမှတ်(၂)ဒေသကောလိပ် ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တို့တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၇ ဒီဇင်ဘာ ၁၇ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တွင် ကျင်းပမည်ဖြစ်ပြီး (၁၉၇၆-၇၇) ပညာ သင်နှစ်မှ (၁၉၉၅-၉၆) ပညာသင်နှစ် အထိ ပညာသင်ကြားပေးခဲ့သော အသက် ၆၀ နှစ်နှင့်အထက် ဆရာ ဆရာမများကို ကန်တော့ မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့် ဒီဇင်ဘာ ၉ ရက် တွင်လည်း ကွယ်လွန်သွားကြပြီးဖြစ်သော ကျောင်းအုပ် ဆရာကြီး ဦးကောင်းညွန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရည်စူးပြီး သံဃာတော်များအား ဆွမ်းကပ်လှူမည်ဖြစ်ပြီး ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက ရေစက်ချတရားဟောကြားမည်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ဆရာ ဆရာမများကို ကန်တော့ပြီး သြဝါဒခံယူခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများပြုလုပ်ပြီး ညနေပိုင်းတွင် မိတ်ဆုံစားပွဲကို ဖျော်ဖြေ ရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာစရိယပူဇော်ပွဲအတွက် အလှူငွေ လှူဒါန်းလိုသူများသည် ကိုဝေဠု (၀၉-၂၅၃၂၄၀၄၅၂)၊ ကိုဇော်မြင့် (၀၉-၅၁၃၇၀၂၁)၊ ကိုကြည်လွင် (၀၉-၅၅၀၀၅၃၇)၊ ကိုဝင်းချို (၀၉-၇၃၂၀၂၄၁၁)၊ မခင်ထားထားအောင်(၀၉-၃၁၅၂၀၃၃၂)၊ မလှိုင်လှိုင်ဝင်း(၀၉-၄၂၁၁၁၅ ၆၅၉) တို့ ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး နယ်မှ လှူဒါန်းလိုသူများအနေဖြင့် ကမ္ဘောဇဘဏ်(ကမာရွတ် ဘဏ်ခွဲ) ငွေစာရင်းအမှတ်-၀၂၁၃၀၂၁၆၀၀၄၁၇၉၀၁၁ သို့ ငွေလွှဲ၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့လင်း)**

# ကျေးလက်လမ်း စစ်ဆေး

**စလင်း ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ညောင်အင်းကျေးရွာအုပ်စု မြောင်းပေါင်ကျေးရွာတွင် မြေနီကျောက်စရစ်ကျောက်ချော လမ်းခင်းလုပ်ငန်းကို ဇွန်လနောက်ဆုံးပတ်က မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့က စစ်ဆေးခဲ့သည်။

အဆိုပါ မြောင်းပေါင်လမ်းမှာ လမ်းအရှည်လေးဖာလုံရှိပြီး စလင်း၊ ချောက် သွားရာအဝေးပြေးလမ်းကို ဆက်သွယ်ထားသည်။ ယခုအခါ ယင်းလမ်းမှာပျက်စီးနေ၍ ကျောက်ချောလမ်းအဖြစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြုပြင် ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်ဦးစီးမှူး ဦးအောင်ကြီးနှင့် အဖွဲ့က စစ်ဆေးခဲ့သည်။ **စစ်ကြည်(စလင်း)**

# သန်းခေါင်စာရင်းအချက်အလက်များအသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

၂၀၁၄ ခုနှစ် မတ်လနှင့် ဧပြီလများတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များနှင့်ပတ်သက်၍ မြို့နယ် အဆင့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက နေပြည်တော်ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဝင်များဖြစ်ကြ သော ဦးတင်ထွဋ်နှင့် ဦးတင်ထွန်းတို့က အမှာစကားပြောကြား ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က သန်းခေါင် စာရင်းအချက်အလက်များသည် အရေးကြီးသော အချက် အလက်ဖြစ်၍ လူဦးရေအချက်အလက်များသာမက အိမ်နှင့် အိမ်ထောင်စုအကြောင်းအရာ၊လူမှုစီးပွားရေးအချက်အလက် များ၊ မွေးဖွားခြင်း၊သေဆုံးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်း စတဲ့ အခြေခံအချက်အလက်များကိုအခြေခံ၍ နိုင်ငံရဲ့လက်ရှိ အနာဂတ်ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင် အရေးပါသော အချက်များအား အသုံးပြုနိုင်ရေးတို့ ရှင်းလင်းပြောကြား သည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက် ကြပြီး ဆွေးနွေးပွဲတွင် သင်တန်းသား၊ သင်တန်းသူ ၆၀ အား နှစ်ရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မောင်လွင်(တပ်ကုန်း)**

# မူးယစ်ဆေးဝါးမဟုတ် — 

# မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သက်ငယ်မုဒိမ်းမှု ကျဆင်း ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက် ညနေက ငါးထပ်ကြီးတောင်ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆွေဝင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် ပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရ သည်။ အလားတူ မှော်ဘီမြို့နယ် ပျော်ဘွယ်စုကျေးရွာအတွင်း ဝါးနက်ချောင်းရဲကင်းစခန်းမှူး ဒုတိယရဲအုပ် တင်လှိုင်က ရပ်ကွက်ပြည်သူများအား သက်ငယ်မုဒိမ်းမှု အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# အာရှနှင့် ဥရောပတွေ့ဆုံခြင်း (သို့မဟုတ် ) အေဆမ်

**ဝင်းဇေယျာထွန်း**

*ယမန်နေ့မှ အဆက်*

**အေဆမ် ဘာတွေလုပ်ပါသလဲ**

လက်ရှိကမ္ဘာပေါ်မှာရှိတဲ့ အခြားသောပူးပေါင်းဆောင်ရွက်မှုအများစုမှာ အဖွဲ့ဝင်နိုင်ငံတွေက သူတို့နိုင်ငံအသီးသီးအတွက် အကျိုးရှိစေမယ့် စီမံကိန်းတွေအဆိုပြုတင်ပြ၊ ငွေကြေးထောက်ပံ့နိုင်တဲ့နိုင်ငံ၊ အဖွဲ့အစည်းတွေက တင်ပြလာတဲ့စီမံကိန်းတွေအနက် သူတို့နှစ်သက်ရာ စီမံကိန်းတွေကို ရွေးချယ်ငွေကြေးထောက်ပံ့ပြီးတော့ စီမံကိန်းတွေအကောင်အထည်ဖော်ကြပါတယ်။ အေဆမ်မှာတော့ ဒီလိုလုပ်ငန်းစဉ်တွေမရှိပါဘူး။ အေဆမ်ကတော့ ကမ္ဘာ့အရေးနဲ့ ဒေသရေးရာကိစ္စရပ်များ၊ အထူးသဖြင့် တိုက်ကြီးနှစ်တိုက်ရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအစရှိတဲ့ ကိစ္စရပ်တွေနဲ့စပ်လျဉ်းတဲ့ကိစ္စရပ်တွေအပေါ်မှာ တိုက်ကြီးနှစ်တိုက်မှ ခေါင်းဆောင်များအကြား အလွတ်သဘော (Informal) ဆွေးနွေးကြတဲ့ ပူးပေါင်းဆောင်ရွက်မှုသာ ဖြစ်ပါတယ်။ မူဝါဒရေးရာအများစုဆောင်ရွက်တဲ့ လုပ်ငန်းစဉ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် အေဆမ်ခေါင်းစဉ်နဲ့ ဆောင်ရွက်နေတဲ့ စီမံကိန်းအချို့ရှိပါတယ်။ ဒီစီမံကိန်းတွေက နိုင်ငံတစ်နိုင်ငံတည်း အတွက်ကိုသာ အကျိုးရှိစေတဲ့စီမံကိန်းတွေမဟုတ်ပါဘူး။ ဥပမာအားဖြင့် တိုက်ကြီးနှစ်တိုက်မှာ ရှိတဲ့ ပညာရေးအဖွဲ့အစည်းတွေအချင်းချင်းချိတ်ဆက်ပြီး ပညာရေးဆိုင်ရာသုတေသန သတင်းအချက်အလက်ဖလှယ်တဲ့ Trans-Eurasia Information Network (TEIN) လို စီမံကိန်းတွေဖြစ်ပါတယ်။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က TEIN ကွန်ရက်နဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

အေဆမ် မဏ္ဍိုင်(၃)ခုရဲ့အောက်မှာ ပူးပေါင်းဆောင်ရွက်မှုဧရိယာ (Tangible cooperation areas) ၂၀ ကို အောက်ပါအတိုင်းသတ်မှတ်ထားပါတယ်-

၁။ Disaster Management and Mitigation, Building Rescue and relief capacities, Technologies and Innovation in Rescue Equipments & Techniques
(သဘာဝဘေးအန္တရာယ် လျော့ချရေးနှင့်စီမံခန့်ခွဲမှု၊ ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး၊ ကယ်ဆယ်ရေးဆိုင်ရာ ကိရိယာများနှင့် နည်းလမ်းများ တီထွင်ဆန်းသစ်ရေး)

၂။ Efficient and Sustainable Water Management, Innovations in Water & Waste Management*
(စဉ်ဆက်မပြတ် ထိရောက်သော ရေစီမံခန့်ခွဲမှု၊ ရေနှင့် စွန့်ပစ်ရေ စီမံခန့်ခွဲမှုဆိုင်ရာ ဆန်းသစ်တီထွင်မှု)

၃။ Small and Medium Enterprises Cooperation
(အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု)

၄။ Renewable Energy: Mitigation, Adaptation, Financing and Technological Innovations
(ပြည့်ဖြိုးမြဲစွမ်းအင် - စွမ်းအင်လိုအပ်ချက် လျော့ချခြင်း၊ သဘာဝစွမ်းအင် အရင်းအမြစ်များကို လိုအပ်ချက်နှင့်ကိုက်ညီစွာအသုံးချခြင်း၊ ရန်ပုံငွေနှင့်နည်းပညာ တီထွင်ဆန်းသစ်မှု)

၅။ Energy Efficiency Technologies
(စွမ်းအင်အနည်းဆုံးနှင့် ထိရောက်စွာအသုံးပြုနိုင်သောနည်းပညာ)

၆။ Higher Education
(အဆင့်မြင့်ပညာရေးကဏ္ဍ)

၇။ Vocational Training and Skills Development
(လုပ်ငန်းခွင်လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး)

၈။ Food Safety Issues, including Training of Farmers
(လယ်သမားများအားလေ့ကျင့်မှု၊ သင်ကြားမှုအပါအဝင် အစားအစာလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ)

၉။ Education and Human Resources Development*
(ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး)

၁၀။ Waste Management
(စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး)

၁၁။ Promote Trade and Investment/Involve Private Sectors*
(ကုန်သွယ်ရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ရေး)

၁၂။ Poverty Reduction*
(ဆင်းရဲနွမ်းပါးမှုလျှော့ချရေး)

၁၃။ Promotion and Protection of Human Rights
(လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေး)

၁၄။ Information Technology/ Knowledge
(သတင်းအချက်အလက်နည်းပညာနှင့် အသိပညာ)

၁၅။ Transport and Logistics
(သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး)

၁၆။ Technologies for Diagnostics
(ရောဂါစူးစမ်းရှာဖွေရေးနည်းပညာ )

၁၇။ Promotion of Tourism
(ခရီးသွားလာမှု မြှင့်တင်ရေး)

၁၈။ Women's Empowerment
(အမျိုးသမီးကဏ္ဍ မြှင့်တင်ရေး)

၁၉။ Nuclear Safety
(နျူကလီးယား လုံခြုံမှု)

၂၀။ Youth Cooperation
( လူငယ်များ ပူးပေါင်းဆောင်ရွက်ရေး)

အေဆမ် မိတ်ဖက်နိုင်ငံ အဖွဲ့အစည်းများအနေနဲ့ မိမိတို့နိုင်ငံရဲ့လိုအပ်ချက်နဲ့ကိုက်ညီမယ့် ကဏ္ဍတွေမှာ ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်သွားနိုင်စေဖို့ရည်ရွယ်ပြီး ပူးပေါင်းဆောင်ရွက်မှုဧရိယာတွေကို ခွဲခြားသတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု (Small and Medium Enterprises Cooperation)၊ ပညာရေးနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Education and Human Resources Development)၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပုဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်ရေး ( Promote Trade and Investment/Involve Private Sectors)၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Poverty Reduction) စတဲ့ ဧရိယာတွေမှာ မိတ်ဖက်နိုင်ငံအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**အေဆမ်ဘယ်ကိုဦးတည်နေသလဲ**

အေဆမ်ဟာ မဏ္ဍိုင်သုံးခု သတ်မှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ယဉ်ကျေးမှု အစရှိတဲ့ ကဏ္ဍများစွာမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၃ခုနှစ် လောက်ကစပြီး တိုက်ကြီးနှစ်တိုက်ရဲ့ ပေါင်းစည်း ဆက်နွယ်မှုကဏ္ဍ ( Connectivity) မြှင့်တင်ရေးအတွက် သိသိသာသာဦးစားပေးလာခဲ့တာကို ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွေနဲ့ ထိပ်သီးအစည်းအဝေးတွေရဲ့ ထုတ်ပြန်ချက်တွေမှာ တွေ့မြင်နိုင်ပါတယ်။ ၂၀၁၃ ခုနှစ် အိန္ဒိယနိုင်ငံ ဒေလီမြို့မှာပြုလုပ်တဲ့ (၁၁) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးရဲ့ သဘာပတိထုတ်ပြန်ချက် ( Chair's Statement) မှာ "တိုက်ကြီးနှစ်တိုက်အကြား အပြန်အလှန်ပေါင်းစည်းဆက်နွယ်မှုကို ပိုမိုခိုင်မာအောင်ဆောင်ရွက်သွားရမယ်" လို့ ဖော်ပြပါရှိပါတယ်။ ၂၀၁၄ ခုနှစ် အီတလီနိုင်ငံ မီလန်မြို့မှာ ပြုလုပ်တဲ့ (၁၀) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးမှာ "အာရှနဲ့ဥရောပအကြား ကဏ္ဍစုံပေါင်းစည်းဆက်နွယ်မှုတိုးမြှင့်ရေးအတွက် လုပ်ငန်းစဉ်များရှာဖွေဖော်ထုတ်သွားရန်" ဆိုပြီး သဘာပတိထုတ်ပြန်ချက်မှာထည့်သွင်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် လူဇင်ဘတ်နိုင်ငံမှာပြုလုပ်တဲ့ (၁၂) ကြိမ်မြောက် "အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးရဲ့ သဘာပတိထုတ်ပြန်ချက်မှာ ပေါင်းစည်းဆက်နွယ်မှုကဏ္ဍကိုအခန်းတစ်ခန်းအဖြစ် သီးခြားဖော်ပြပြီး အေဆမ်ရဲ့လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများအားလုံးမှာ ပေါင်းစည်းဆက်နွယ်မှုများ တိုးမြှင့်ဆောင်ရွက်ရန်" လို့ဖော်ပြခဲ့ပါတယ်။ အထင်ရှားဆုံးကတော့ ၂၀၁၆ ခုနှစ် ဇူလိုင်လက မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့မှာ ပြုလုပ်ခဲ့တဲ့ (၁၁) ကြိမ်မြောက် အေဆမ် ထိပ်သီးအစည်းအဝေး သဘာပတိထုတ်ပြန်ချက်မှာ "အာရှနဲ့ ဥရောပတိုက်များရှိ ပြည်သူများအချင်းချင်း ပိုမိုနားလည်သဘောပေါက်မှုရှိလာစေရန်နှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးများရှိလာစေရန်အတွက် ကဏ္ဍစုံ၌ ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်သွားရန် နိုင်ငံခေါင်းဆောင်များအားလုံးက သဘောတူညီခဲ့ကြောင်း" ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် "တိုက်ကြီးနှစ်တိုက်ရဲ့ ပေါင်းစည်းဆက်နွယ်မှု ကဏ္ဍမြှင့်တင်ရေးအတွက် ဘယ်လိုမဟာဗျူဟာတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ရမယ်၊ ဘယ်ကဏ္ဍတွေမှာ ဦးစားပေးလုပ်ဆောင်ရမယ်၊ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုနဲ့ အကောင်အထည်ဖော်ရမယ်ဆိုတဲ့ နည်းလမ်းတွေရှာဖွေဖို့ အေဆမ် ပေါင်းစည်းဆက်နွယ်ရေးလမ်းကြောင်းရှာဖွေရေးအဖွဲ့ ( APGC - ASEM Pathfinder Group on Connectivity)"ကို နှစ်နှစ် သက်တမ်းနဲ့ဖွဲ့စည်းခဲ့ပါတယ်။ APGC အဖွဲ့မှာ အေဆမ်မိတ်ဖက်နိုင်ငံများအားလုံးက ကိုယ်စားလှယ်တွေပါဝင်ပါတယ်။

အေဆမ်အနေနဲ့ Connectivity ကဏ္ဍကို မြှင့်တင်ဖို့ ဆောင်ရွက်လာခဲ့ပေမယ့်လည်း အမှန်တကယ်မှာတော့ ပေါင်းစည်းဆက်နွယ်မှု(Connectivity) ဆိုတဲ့စကားရပ်အတွက် အေဆမ် မိတ်ဖက်နိုင်ငံတွေအားလုံး သဘောတူထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးပါဘူး။ APGC အဖွဲ့ အနေနဲ့ ပထမအဆင့်လုပ်ငန်းစဉ်အဖြစ် Connectivity စကားလုံးအတွက် အများသဘောတူတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ရရှိအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ လက်ရှိအချိန်မှာ အေဆမ်မိတ်ဖက်နိုင်ငံတွေအနေနဲ့ ပေါင်းစည်းဆက်နွယ်မှုနဲ့ စပ်လျဉ်းတဲ့ လှုပ်ရှားမှုတွေကို ပိုမိုဆောင်ရွက်လာတာကိုတွေ့နိုင်ပါတယ်။ ဥပမာအားဖြင့် High Level Forum on Digital Connectivity ၊ ASEM Media Dialogue on Connectivity ၊ ASEM Industry Dialogue on Connectivity စတာတွေကို ကျင်းပဆောင်ရွက်လာကြပါတယ်။ ဒါကြောင့် အေဆမ်ရဲ့ ရှေ့လုပ်ငန်းစဉ်ဟာ တိုက်ကြီးနှစ်တိုက်ရဲ့ပေါင်းစည်းဆက်နွယ်မှု (Connectivity) ဖြစ်တယ်ဆိုတာ ဒီအချက်တွေအရ သုံးသပ်နိုင်ပါတယ်။

**အာရှ-ဥရောပ ဖောင်ဒေးရှင်း** ( Asia Europe Foundation-ASEF)

အေဆမ်အကြောင်း ပြောမယ်ဆိုရင် အာရှ-ဥရောပ ဖောင်ဒေးရှင်း ( Asia Europe Foundation- ASEF) (အေဆက်ဖ် ) ကိုချန်လုပ်ထားလို့မရပါဘူး။ အေဆက်ဖ်ဟာ အေဆမ်ရဲ့ လှုပ်ရှားမှုတွေကို ဦးစီးဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အတွင်းရေးမှူးရုံး မဟုတ်ပါဘူး။

အေဆက်ဖ်ကို အေဆမ် ဖွဲ့စည်းပြီး တစ်နှစ်အကြာ ၁၉၉၇ ခုနှစ်မှာ ပထမအကြိမ် အေဆမ်ထိပ်သီးအစည်းအဝေးဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ အေဆမ် မိတ်ဖက်နိုင်ငံများအနေနဲ့ အေဆမ်အတွက် နှစ်စဉ်ကြေး၊ အသင်းဝင်ကြေးစတာတွေကို ထည့်ဝင်ခြင်းမပြုရပေမယ့်လည်း အေဆက်ဖ်ကိုတော့ နှစ်စဉ်ကြေးကို သဒ္ဓါရှိသလောက် ထည့်ဝင်ရပါတယ်။ အေဆက်ဖ်ကို စင်ကာပူနိုင်ငံမှာရုံးစိုက်ထားပြီး ယင်းရဲ့အုပ်ချုပ်မှုဆိုင်ရာဘုတ်အဖွဲ့ (Board of Governors)ကို အေဆမ်မိတ်ဖက်နိုင်ငံနှင့် အဖွဲ့အစည်းများအားလုံးက သံအမတ်ကြီး၊ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားပါတယ်။

အေဆက်ဖ်အနေနဲ့ အာရှနဲ့ ဥရောပမိတ်ဖက်ဆက်ဆံမှု ပိုမိုခိုင်မာစေရေး၊ တိုက်ကြီးနှစ်တိုက်အကြား သင်ကြားမှုနဲ့ ဆွေးနွေးအဖြေရှာမှုဆိုင်ရာကိစ္စတွေမှာ အတွေ့အကြုံနဲ့ ဗဟုသုတများ မျှဝေသွားရေး၊ အပြန်အလှန် နားလည်သဘောပေါက်မှုတိုးမြှင့်ရေး၊ တိုက်ကြီးနှစ်တိုက်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများရှာဖွေဖော်ထုတ်ရေး စတာတွေကို ရှေးရှုတဲ့လုပ်ငန်းများကို ဆောင်ရွက်ပါတယ်။ အထူးသဖြင့် အသိဉာဏ်ပညာ (Intellectual)၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး( Governance) လူအချင်းချင်းထိတွေ့ဆက်ဆံမှုဆိုင်ရာကဏ္ဍတွေကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ အများစုကတော့ စီမံချက်အခြေခံတဲ့လှုပ်ရှားမှုများ (Project based activities) များဖြစ်ပါတယ်။ အေဆက်ဖ်ရဲ့ နှစ် ၂၀ တာကာလမှာ စီမံချက်ပေါင်း ၇၀၀ ကျော် ဆောင်ရွက်နိုင်ခဲ့ပြီး အာရှနဲ့ ဥရောပက လူပေါင်း ၂၀၀၀၀ ကျော်ကို ထိတွေ့ခွင့်ရရှိစေခဲ့ပါတယ်။

တက္ကသိုလ်ကျောင်းသားလူငယ်များ အေဆမ်ရဲ့လုပ်ငန်းသဘောသဘာဝကို နားလည်စေနိုင်ဖို့အတွက် နိုင်ငံခြားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများအသွင်ဆောင်စေပြီး တကယ့် အေဆမ်အစည်းအဝေးပုံစံအတိုင်း အေဆမ်ရဲ့လုပ်ငန်းဆောင်တာများအပေါ်ဆွေးနွေးစေတဲ့ Model ASEM စီမံချက်နဲ့ အေဆမ်နိုင်ငံများက သတင်းထောက်များကို လေ့ကျင့်ပေးတဲ့ ASEF Journalist's Seminar များဟာ အေဆက်ဖ်ရဲ့ ထင်ရှားတဲ့လှုပ်ရှားမှုများအနက်ကအချို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ 8th Model ASEM နဲ့ 11th ASEF Journalist's Seminarတို့ကို (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မတိုင်ခင်မှာ လက်ခံကျင်းပသွားဖို့ရှိပါတယ်။

မြန်မာနိုင်ငံမှာ (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး လက်ခံကျင်းပခွင့်ရခြင်းဟာ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားများအတွက် မြန်မာကို ကမ္ဘာကသိအောင် ပြသနိုင်ဖို့ အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့သမိုင်းမှာ မှတ်တိုင်တစ်ခုအဖြစ် တွင်ရစ်မယ့် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ဂုဏ်ပြုကြိုဆိုရင်း အေဆမ်ဆိုင်ရာ ဗဟုသုတများကို မျှဝေအပ်ပါတယ်။ ။

# ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇွန် ၃၀**

ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဆယ်မားအူးလ်အွန် ဒုန်စီမံကိန်းထပ်တိုးကျေးရွာများဖြစ်သည့် ကော့မှူးမြို့နယ်မှ လေးရွာ၊ သုံးခွမြို့နယ်မှ တစ်ရွာတို့၏ ပထမနှစ်စီမံကိန်းဆောင်ရွက်မှုများကို ကွင်းဆင်းအကဲဖြတ်စစ်ဆေး သုံးသပ်ရန်အတွက် ဇွန်လစတုတ္ထပတ်က စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ဒုတိယဌာနေ ကိုယ်စားလှယ် မစ္စတာမွန်း၊ စီမံကိန်းမန်နေဂျာ ဒေါက်တာကင်မ်ဒုန်အင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်များ သွားရောက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ ကော့မှူးမြို့နယ်လက်ခိုက်ကျေးရွာ၊ ရှမ်းစုကျေးရွာ၊ မြို့ကုန်းကျေးရွာ၊ ဆပုဂံကျေးရွာနှင့် သုံးခွမြို့နယ်မှ နန်းခလဲကျေးရွာတို့မှ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို မေးမြန်းဆွေးနွေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော ရေသန့်စက်လုပ်ငန်း၊ ကျေးရွာခန်းမ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများအား အဆိုပါအဖွဲ့မှ သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ ဇွန် ၂၃ ရက်က ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း အကဲဖြတ်စစ်ဆေးရေး အဖွဲ့ဝင်များနှင့်အတူ စီမံကိန်းကျေးရွာများမှ ဆယ်မားအူးလ်



အွန်ဒုန်စီမံကိန်းကော်မတီအဖွဲ့ဝင်ငါးဦးစီ နှင့် ထပ်မံတွေ့ဆုံပြီး အရည်အသွေးနှင့် အရေအတွက်ပိုင်းဆိုင်ရာ အကဲဖြတ်ခြင်း လုပ်ငန်းများကို အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်းပြင်ဆင်ချက်ဖြင့်အတည်ပြုရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသည့် **"ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစား တစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုအပြီးတွင် လွှတ်တော်က ထိုသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုနှင့်စပ်လျဉ်း၍ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက သူနာပြုပညာရပ်သည် မကျန်းမာသည့်သူများအတွက် သာမက ကျန်းမာသူများအတွက်ပါ အကျုံးဝင်သည့် ပညာရပ်ဖြစ်သောကြောင့် လူသားအားလုံးအတွက် အရေးကြီးလိုအပ်သည့် ပညာရပ်ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် သူနာပြုများသည် မိမိတို့လူသားများအတွက်အရေးပါသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ သူနာပြုအတတ်ပညာ သင်ယူတတ်မြောက်ပြီးသည့် လူတိုင်းသည် လိုက်နာကျင့်သုံးရသည့် သူနာပြုသစ္စာ အဓိဋ္ဌာန်ရှစ်ရပ်ရှိပါကြောင်း၊ လုပ်ငန်းခွင်တွင် ဆေးရုံအုပ်၊ အထူးကု၊ သူနာပြုအုပ်တို့အကြား ဟန်ချက်ညီညီ ဆောင်ရွက်နေပါလျက် လစာကမလုံလောက်ခြင်း၊ နေစရာအဆောင်မရရှိခြင်း၊ အိမ်ငှားခများဈေးကြီးခြင်း၊ မိသားစုကိစ္စများရှိသော်လည်း ခွင့်အလွယ်တကူမရခြင်း၊ ရာထူးတိုးဖြေရန် အခွင့်အရေးခက်ခဲခြင်း၊ နေ့ထူးနေ့မြတ်များတွင် ရုံးပိတ်ရက်မရသည့်အတွက် မိသားစုမှာ စိတ်ဖိစီးမှုများရရှိ၍ လုပ်ငန်းခွင်တွင် စိတ်ပျက်ခြင်းများ ဖြစ်လာပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုများအတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းပါရှိသည့်အတွက် သူနာပြုလောကတွင် လုပ်သက်နုသော်လည်း ထူးချွန်သူကြိုးစားသူများကို ချီးမြှင့်မြှောက်စားသင့်ပါကြောင်း၊ အမှန်တကယ်သူနာပြု၊ သားဖွားပညာတတ်မြောက်သူများသည် အတ္တဟိတသမားများမဟုတ်ဘဲ ပရဟိတဆောင်ရွက်သူများဖြစ်ကြပြီး မြင့်မြတ်သော နှလုံးသားပိုင်ရှင်များသာဖြစ်ကြပါကြောင်း ဆွေးနွေးသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပစဉ်

အလားတူ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်ညို၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ရွှေတောင် မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးနှင့် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအေးမင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ပြုံး၏ **အင်းတော်မြို့နယ်တွင် အားကစားခန်းမ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း**၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရှိ မြအင်းသာ အားကစားခန်းမအဟောင်းအား လေလံတင်ရောင်းချ၍ ရရှိသောငွေများမှ မြအင်းသာအားကစားခန်းမနှင့် တစ်ဖာလုံမျှဝေးသော အေးမြသာယာ အားကစားကွင်းအတွင်း၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးအား ပြန်လည်ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်အားကစားခန်းမ တည်ဆောက်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ဦးစားပေးအဆင့်အလိုက် တင်သွင်းလျာထား၍ ခွင့်ပြုမိန့်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **တိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးများတွင်**

*စာမျက်နှာ ၉ သို့*

# ရသင့်ရထိုက်သော အခွန်အကောက်များကို တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီရရှိအောင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆောင်ရွက်လုပ်ကိုင်နေသည့် ဝမ်ပေါင်ကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင် ပါသွားသော မြေယာများအနက် လျော်ကြေးရယူခြင်းမရှိသေးသော တောင်သူလယ်သမားများအား မြေယာငှားရမ်းခလျော်ကြေးနှင့် သီးနှံနစ်နာကြေးများ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆောင်ရွက်လုပ်ကိုင်နေသည့် ဝမ်ပေါင်ကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင် ပါသွားသည့် မြေယာများအနက် လျော်ကြေးရယူခြင်း မရှိသော တောင်သူများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာဝမ်ပေါင်မိုင်းနင်း ကော့ပါးကုမ္ပဏီမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သော လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့မှ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ အကြံပြုချက်ပါအတိုင်း စိစစ်ပြီး မြေယာနစ်နာကြေးနှင့် သီးနှံနစ်နာကြေးများကို ဆက်လက်ထုတ်ပေးလျက်ရှိပါကြောင်း။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ မြေယာနစ်နာကြေးနှင့် သီးနှံလျော်ကြေးများကို ၂၀၁၃ ခုနှစ် မတ်လ ၁၆ ရက်မှ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်အထိ ဝမ်ပေါင်ကုမ္ပဏီမှ မြေဧက ၄၈၁၇ ဒသမ ၄၇ ဧကအတွက် ငွေကျပ် ၄၉၅၀၁ ဒသမ ၇၇ သိန်း ပေးလျော်ခဲ့ပြီး ပေးလျော်ရန် ကျန်ရှိသည့် မြေဧက ၁၈၁၀ ဒသမ ၀၆ ဧက ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ လမ်းညွှန်မှုအရ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်အထိ ထပ်တိုးထောက်ပံ့ကြေးအဖြစ် မြေဧကပေါင်း ၄၇၃၈ ဒသမ ၁၂ ဧကအတွက် ငွေကျပ် ၃၂၀၅၀ ဒသမ ၁၅ သိန်းကို ထုတ်ပေးခဲ့ပြီး မြေဧက ၁၈၈၉ ဒသမ ၄၁ ဧက ကျန်ရှိပါကြောင်း။

အလုပ်အကိုင် စောင့်ဆိုင်းစဉ် ကာလအတွင်း မြေယာစွန့်လွှတ်သူများအတွက် Contribution Plan အရ အလုပ်အကိုင် အခွင့်အလမ်းမရမီ ထောက်ပံ့ကြေးများအား ထောက်ပံ့လျက်ရှိရာ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်အထိ တောင်သူ ၉၀၂ ဦးအတွက် ငွေကျပ် ၃၄၇၈၇ ဒသမ ၁၂ သိန်းအား ၎င်းတို့၏ ငွေစုဘဏ်စာအုပ်များအတွင်း ထည့်သွင်းပေးပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် မူလမြေသိမ်းဆည်းစဉ်ကတည်းက မြေယာလျော်ကြေးရယူခဲ့ခြင်း မရှိသော တောင်သူများ၏ မြေပိုင်ဆိုင်မှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရမှ စာရင်းကောက်ယူ၍ တိကျသော စာရင်းဇယားရရှိရေး စိစစ်ဆောင်ရွက်ပြီး ဝမ်ပေါင်ကုမ္ပဏီသို့ ဆက်သွယ်ပေးပို့လာပါက ဝန်ကြီးဌာနအနေဖြင့် အစီရင်ခံစာပါအတိုင်း နစ်နာကြေးများ၊ ထပ်တိုးထောက်ပံ့ကြေးများနှင့် အလုပ်အကိုင်အခွင့်အလမ်းမရမီ ထောက်ပံ့ကြေးများအား အခြားလျော်ကြေးရယူပြီးသည့် မြေသိမ်းဆည်းခံ တောင်သူများနည်းတူ ကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားသည့်အတိုင်း ၂၀၁၃ ခုနှစ် မတ်လ ၁၆ ရက်မှစတင်တွက်ချက်ပြီး အမြန်ဆုံးပေးအပ်နိုင်ရေးအတွက်ကုမ္ပဏီအား အနီးကပ်ကြီးကြပ်တိုက်တွန်းပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၏ **နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူခံစားခွင့်စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ (လက်ပံတောင်း၊ ကြေးနီ၊ တကောင်းနီကယ်၊ ကမ်းလွန်သဘာဝဓာတ်ငွေ့၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း)တွင် တိုင်းရင်းသား ပညာရှင်ဝန်ထမ်းများအား အချိုးကျခန့်ထားရန် သတ်မှတ်ချက်များကို စာချုပ်များတွင် ထည့်သွင်းချုပ်ဆိုထားခြင်း ရှိ၊ မရှိ နှင့် ယင်းစီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများအား ဝင်ငွေခွန်ကောက်ခံထားခြင်း ရှိ၊ မရှိ တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ စပယ်တောင်၊ စပယ်တောင် (တောင်ဘက်)၊ ကြေးစင်တောင်ကြေးနီစီမံကိန်းနှင့် တကောင်းတောင် နီကယ်စီမံကိန်းများမှ ခန့်ထားသည့် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားဦးရေ အချိုးသည် ကိုက်ညီမှုရှိပါကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် စီးပွားဖြစ်ထုတ်လုပ်မှုလုပ်ငန်းစတင် ဆောင်ရွက်နေပြီဖြစ်သော်လည်း တည်ဆောက်ရေးလုပ်ငန်းများ ကျန်ရှိနေသည့်အတွက် နိုင်ငံခြားသားဦးရေများနေခြင်း ဖြစ်ပါကြောင်း။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၎င်းကုမ္ပဏီများ၏ ပူးတွဲစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများတွင် မြန်မာဝန်ထမ်းများအား လေ့ကျင့်ပညာပေးသင်ကြားပြီး မြန်မာကျွမ်းကျင်ပညာရှင်နှင့် ဝန်ထမ်းများ တိုးချဲ့ခန့်ထားသွားရန်၊ နိုင်ငံခြားသားဝန်ထမ်းများ လျှော့ချသွားရန် အစဉ်တစိုက် တွန်းအားပေး ဆွေးနွေးလျက်ရှိပါကြောင်း၊ စီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့၏ ဝင်ငွေအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန်ပေးသွင်း ဆောင်ရွက် လျက်ရှိပါကြောင်း။




ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ကျင်းပစဉ်

ထို့ပြင် ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်သော လုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့် ပထမနှစ်နှစ်အတွင်း နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်နှစ် အတွင်း အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်နှစ်အတွင်း အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်ဟု ပါရှိပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနမှ ရသင့်ရထိုက်သော အခွန်အကောက်များကို လွတ်ကင်းမှု၊ လျော့နည်းမှုမရှိဘဲ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လက်ပံတောင်းတောင်နှင့် ကြေးနီစီမံကိန်းမှ နိုင်ငံခြားသားပညာရှင် ၈၆ ဦးထံမှ ၂၀၁၆ - ၂၀၁၇ စည်းကြပ်နှစ်အတွင်း လစာဝင်ငွေခွန်ငွေကျပ် ၅၅ ဒသမ ၃၅၉ သန်း၊ တကောင်းနီကယ် စီမံကိန်းမှ နိုင်ငံခြားသားပညာရှင် ၃၄၅ ဦးထံမှ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း လစာဝင်ငွေခွန် ငွေကျပ် ၁၀၀ ဒသမ ၆၅၅ သန်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းများမှ နိုင်ငံခြားသားပညာရှင်များ ၄၅ ဦးထံမှ ၂၀၁၆ - ၂၀၁၇ စည်းကြပ်နှစ်အတွင်း လစာဝင်ငွေခွန် ငွေကျပ် ၆၈၀ ဒသမ ၄၇၈ သန်းတို့ကို ကောက်ခံရရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဆက်လက်၍ **အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက အဆိုတင်သွင်းပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်က ထောက်ခံဆွေးနွေးရာလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ဇူလိုင် ၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်(သတင်းစဉ်)**

# ရှိရင်းစွဲ မိတ်ဆွေနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေသလို မိတ်ဆွေသစ်တွေ တိုးပွားအောင်၊ ရင်းနှီးမှုတွေရအောင်လည်း ဆောင်ရွက်ရပါတယ်

## (အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)

**သတင်းအဖွဲ့**

နိုင်ငံတော်၌ ကြုံတွေ့နေရသည့် ပြည်တွင်းပြည်ပအန္တရာယ်များကို မဟာဗျူဟာကျကျ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အငြိမ်းစားသံအမတ်ကြီး ဦးသောင်းထွန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တာဝန်ပေးခန့်အပ်ခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်းသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့၊ နိုင်ငံခြားဘာသာသိပ္ပံမှ ပြင်သစ်ဘာသာဒီပလိုမာ၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ Johns Hopkins တက္ကသိုလ်၊ School of Advanced International Studies မှ နိုင်ငံတကာပြည်သူ့ရေးရာမူဝါဒဘာသာရပ်နှင့် မဟာဘွဲ့ရရှိခဲ့သည်။

ဦးသောင်းထွန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့ပြီး ဖိလစ်ပိုင်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် အီးယူဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝါရင့်သံတမန်ကြီးတစ်ဦးဖြစ်သည်။

ထို့ပြင် နှစ်စဉ် အာဆီယံအဆင့်မြင့် အရာရှိကြီးများအဆင့် ဆွေးနွေးပွဲများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အနေဖြင့် တာဝန်ယူခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့တွင်လည်း အတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့သည့်အပြင် အငြိမ်းစားယူပြီးနောက် စင်ကာပူတွင်ရှိသည့် အရှေ့တောင်အာရှလေ့လာရေးဌာန ISEAS ၌ Visiting Senior Research Fellow အဖြစ် ဆောင်ရွက်ခဲ့သည်။

**မေး ။ ။ လက်ရှိအစိုးရသစ်လက်ထက်မှာ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဆိုပြီး ရာထူးအသစ်တစ်ရပ် ခန့်အပ်လိုက်ပါတယ်။ အဲဒီလို ခန့်အပ်လိုက်တဲ့အချိန်ကစပြီး ပြည်သူလူထုတစ်ရပ်လုံးက ဒါနဲ့ပတ်သက်ပြီး တော်တော်စိတ်ဝင်စားကြပါတယ်။ ရာထူးအသစ်ခန့်အပ်ခဲ့တာနဲ့ပတ်သက်ပြီး ပြည်သူလူထုသိအောင် ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒီရာထူးခန့်အပ်လိုက်တဲ့ အကြောင်းရင်းတစ်ခုကတော့ ပြောင်းလဲလာတဲ့ ကမ္ဘာ့ရေးရာ၊ နိုင်ငံတကာဆက်ဆံရေး သဘောသဘာဝတွေနဲ့အတူ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာတဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက်နဲ့ ကာကွယ်သွားနိုင်ဖို့အတွက်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံတိုင်းမှာ အမျိုးသားအကျိုးစီးပွားကိုကာကွယ်ဖို့ အမျိုးသားရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်ရပါတယ်။

ဒီရည်မှန်းချက်တွေအောင်မြင်ဖို့ မဟာဗျူဟာတွေ ရွေးချယ်ဆုံးဖြတ်ချမှတ်ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကိုယ့်နိုင်ငံအခြေအနေအပြင် ဒေသတွင်း၊ နိုင်ငံတကာအခြေအနေတွေကို ထည့်သွင်းသုံးသပ်ရပါတယ်။ အခုခေတ်မှာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ globalization လို့ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ဖြစ်ပေါ်နေတဲ့ဖြစ်စဉ်မှာ တစ်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပြဿနာတွေဟာ အခြားနိုင်ငံတွေကိုပါ သက်ရောက်စေနိုင်ပါတယ်။

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေတဲ့အချိန်မှာ ကိုယ့်နိုင်ငံအပေါ် သက်ရောက်နိုင်တဲ့ ခြိမ်းခြောက်မှုတွေကိုကာကွယ်နိုင်ဖို့အတွက် မဟာဗျူဟာရှုထောင့်ကနေ လေ့လာသုံးသပ်ဖို့ ပိုအရေးကြီးလာပါတယ်။

ဒါ့အပြင် ကိုယ့်နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုအခြေအနေတွေကို ပြည်ပကလည်း သိရှိနားလည်အောင် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှုတွေ တိုးမြှင့်လုပ်ဆောင်ဖို့ လိုပါတယ်။ ဒါတွေကို အထောက်အကူပြုဖို့အတွက် ခန့်အပ်လိုက်တာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံဟာ ပထဝီဝင်အနေအထားအရ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့အကြားမှာ တည်ရှိနေပြီး အရှေ့တောင်အာရှနဲ့ တောင်အာရှကြားမှာ ပေါင်းကူးတံတားလိုဖြစ်နေပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာ ဆောင်ရွက်နေသလို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မနှစ်က အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း

အစည်းအဝေးကို နှစ်စဉ်ကျင်းပဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံမှာလည်း ကျန်နိုင်ငံတွေနည်းတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် (National Security Advisor) ခန့်အပ်ဖို့ လိုအပ်လာပါတယ်။

နိုင်ငံအတော်များများမှာ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အသီးသီးရှိကြပါတယ်။ National Security Advisor တွေအနေနဲ့ ပြည်တွင်း၊ ဒေသတွင်းနဲ့ နိုင်ငံတကာရေးရာတွေကို မဟာဗျူဟာကျကျ လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံအပေါ်ထိခိုက်နိုင်တဲ့ ခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက်ကာကွယ်ဖို့အတွက် အကြံပြုပေးနိုင်ဖို့ ခန့်အပ်ထားကြတာဖြစ်ပါတယ်။

အာရှနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ သီရိလင်္ကာ၊ ထိုင်း၊ စင်ကာပူစတဲ့ နိုင်ငံတွေမှာလည်း နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ဝါရင့်ပုဂ္ဂိုလ်တွေကို ခန့်အပ်တာဝန်ပေးထားတာကို တွေ့ရှိနိုင်ပါတယ်။

ဒီရာထူးတာဝန်ဟာ လုံခြုံရေးဆိုင်ရာလုပ်ငန်းတွေကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်တဲ့ (Implementation) အပိုင်းမဟုတ်ဘဲ ထိရောက်တဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ မူဝါဒတွေချမှတ်ရာမှာ အထောက်အကူပြု (Policy Support) ပေးခြင်းဖြစ်ပါတယ်။

**မေး ။ ။ ဒီတာဝန်ကိုယူတဲ့အချိန်ကစပြီးတော့ ဘယ်လိုအခန်းကဏ္ဍတွေ၊ ဘယ်လိုနယ်ပယ်တွေမှာ အဓိကထားပြီး ဆောင်ရွက်ပေးနေသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ဒီတာဝန်ယူပြီးတဲ့အချိန်ကစပြီး အဓိကဆောင်ရွက်နေတာ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေ၊ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ပေါင်းစပ်ပြီး လေ့လာသုံးသပ်အကြံပြုပါတယ်။

ဒုတိယတစ်ပိုင်းကတော့ ကိုယ့်နိုင်ငံအခြေအနေကို နိုင်ငံတကာက ပိုမိုနားလည်လက်ခံလာအောင် ဆောင်ရွက်ပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး နိုင်ငံတကာကစိတ်ဝင်စားနေတဲ့ ကိစ္စအချို့ရှိပါတယ်။ ဒီလိုကိစ္စတွေ အပေါ်မှာ အခြေအနေမှန်ကိုမသိဘဲ အထင်အမြင်လွဲမှားရင် နိုင်ငံတကာရဲ့ အာရုံစူးစိုက်မှုတွေ၊ မလိုလားအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာနိုင်ပြီး ကိုယ့်ပြည်တွင်းရေးကိစ္စတွေအပေါ်မှာ ဝင်ရောက်စွက်ဖက်လာနိုင်ပါတယ်။

ဒီလိုဖြစ်ရပ်မျိုးတွေကို ကာကွယ်ဟန့်တားနိုင်ဖို့ ကိုယ့်နိုင်ငံရဲ့ ပထဝီဝင်အနေအထား၊ သမိုင်းကြောင်း၊ တန်ဖိုးထားမှုတွေ၊ ဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ ထိလွယ်ရှလွယ်အနေအထား၊ လက်ရှိဖြစ်ပေါ်တိုးတက်မှုတွေကို နိုင်ငံတကာအသိုင်းအဝိုင်းက သိရှိနားလည်အောင် ဆောင်ရွက်နေပါတယ်။ ရှိရင်းစွဲ မိတ်ဆွေနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေသလို မိတ်ဆွေသစ်တွေ တိုးပွားအောင်၊ ရင်းနှီးမှုတွေရအောင်လည်း ဆောင်ရွက်ရပါတယ်။

ဒီတာဝန်ယူပြီးတဲ့အချိန်ကစပြီး ရန်ကုန်မြို့မှာရုံးစိုက်တဲ့ ပြည်ပသံရုံးတွေက သံတမန်အကြီးအကဲတွေ၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေကို ဖိတ်ကြားတွေ့ဆုံပြီး နိုင်ငံတော်အစိုးရရဲ့ လက်ရှိဆောင်ရွက်နေတဲ့ ကိစ္စရပ်တွေ အထူးသဖြင့် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ နိုင်ငံတကာကသံတမန်တွေအပြင် ပြည်ပရင်းနှီးမြှုပ်နှံသူ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဒေသတွင်းနဲ့ နိုင်ငံတကာအစည်းအဝေးတွေမှာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ဂျာမနီမှာကျင်းပခဲ့တဲ့ မြူးနစ်လုံခြုံရေးညီလာခံ၊ အိန္ဒိယမှာကျင်းပခဲ့တဲ့ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးအကြီးအကဲများ အစည်းအဝေး၊ ရုရှားမှာကျင်းပခဲ့တဲ့ လုံခြုံရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတွေ မကြာခင်ကပဲ စင်ကာပူမှာကျင်းပခဲ့တဲ့ အာရှလုံခြုံရေး ထိပ်သီးအစည်းအဝေး (Shangri-La Dialogue) နဲ့ ဂျပန်မှာကျင်းပခဲ့တဲ့ အာရှရဲ့ အနာဂတ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတို့မှာ အမျိုးသားလုံခြုံရေးကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ ဆွေးနွေးခဲ့သလို ကိုယ့်နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ပြည်ပနိုင်ငံတွေက နားလည်သဘောပေါက်အောင် ဆွေးနွေးခဲ့ပါတယ်။ မီဒီယာအင်တာဗျူးတွေကတစ်ဆင့်လည်း အသိပေးရှင်းပြခဲ့ပါတယ်။

**မေး ။ ။ လုံခြုံရေးလို့ပြောလိုက်တာနဲ့ ကာကွယ်ရေးကို တွဲမြင်တတ်ကြပါတယ်။ လုံခြုံရေးအတွက် တာဝန်ရှိတာက ကာကွယ်ရေးမှာပဲလို့ အများပြည်သူက ရှုမြင်သုံးသပ်ကြတာများပါတယ်။ အဲ့ဒီအတွက် အမျိုးသားလုံခြုံရေးဆိုတာ ဘာပါလဲ၊ အမျိုးသားလုံခြုံရေးနဲ့ ပတ်သက်ပြီး ရှုမြင်သုံးသပ်ချက်ကို သိချင်ပါတယ်။**

ဖြေ ။ ။ အမျိုးသားလုံခြုံရေးဆိုတာကတော့ အင်မတန်မှကျယ်ပြန့်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ အမျိုးသားအကျိုးစီးပွားတွေကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပတ်သက်နေတဲ့ ကိစ္စတွေအားလုံးဟာ အမျိုးသားလုံခြုံရေးကိစ္စတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို ခြိမ်းခြောက်ထိခိုက်လာတဲ့ ကိစ္စတွေအားလုံးဟာ အမျိုးသားလုံခြုံရေးပြဿနာလို့ ဆိုနိုင်ပါတယ်။

**အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး နိုင်ငံတကာက စိတ်ဝင်စားနေတဲ့ ကိစ္စအချို့ ရှိပါတယ်။ ဒီလိုကိစ္စတွေ အပေါ်မှာ အခြေအနေမှန်ကို မသိဘဲ အထင်အမြင်လွဲမှားရင် နိုင်ငံတကာရဲ့ အာရုံစူးစိုက်မှုတွေ၊ မလိုလားအပ်တဲ့ အရေးယူ ဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာနိုင်ပြီး ကိုယ့်ပြည်တွင်းရေးကိစ္စတွေအပေါ်မှာ ဝင်ရောက်စွက်ဖက်လာနိုင်**




အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်း အမေရိကန်-အာဆီယံလုံခြုံရေးဆိုင်ရာ အစည်းအဝေး၌ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

*စာမျက်နှာ ၉ သို့*




အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာရှလုံခြုံရေးထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်စဉ်

*စာမျက်နှာ ၈ မှ*

အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပြဿနာလို့ဆိုရာမှာ သမားရိုးကျလုံခြုံရေးပြဿနာတွေဖြစ်တဲ့ စစ်ရေး၊ စီးပွားရေးစတာတွေအပြင် သမားရိုးကျမဟုတ်တဲ့ လူကုန်ကူးမှုပြဿနာ၊ နယ်မြေချင်းထိစပ်တဲ့နိုင်ငံတွေက တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှုတွေ အစွန်းရောက်အကြမ်းဖက်မှုပြဿနာ၊ လူသားလုံခြုံမှု၊ စွမ်းအင်လုံခြုံမှု၊ သဘာဝဘေးအန္တရာယ်နဲ့ ရာသီဥတုဖောက်ပြန်မှုပြဿနာ၊ ကူးစက်မြန်ရောဂါဆိုးများပျံ့နှံ့လာမှုပြဿနာ၊ အခုဆိုရင် Cyber Crime စတာတွေအထိ ကျယ်ပြန့်စွာပါဝင်ပါတယ်။

အခုခေတ်မှာ နည်းပညာတွေတိုးတက်လာတာနဲ့အမျှ သမားရိုးကျမဟုတ်တဲ့လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေက ပိုပြီးဆန်းပြားရှုပ်ထွေးလာပါတယ်။ ဥပမာ လူမှုကွန်ရက်တွေကတစ်ဆင့် အမျိုးသားလုံခြုံရေးကို ထိခိုက်တဲ့အထိ ဖြစ်သွားစေတဲ့ ခြိမ်းခြောက်မှုတွေလည်း ပေါ်ပေါက်နေပါတယ်။ တစ်နိုင်ငံမှာ ဖြစ်ပွားတဲ့ပြဿနာက တခြားနိုင်ငံတွေကိုလည်း ရိုက်ခတ်တဲ့အတွက် ဒါတွေကို ရင်ဆိုင်ဖို့ တစ်နိုင်ငံတည်းက ဆောင်ရွက်နေလို့မရပါဘူး။ နှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်မှာ ထိတွေ့ပူးပေါင်းဆောင်ရွက်ဖို့၊ သတင်းအချက်အလက်တွေဖလှယ်ဖို့၊ သတင်းလက်ဦးမှုရရှိဖို့ အရေးကြီးလာပါတယ်။

မျက်မှောက်ခေတ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ရေးအရကျူးကျော်တိုက်ခိုက်တာမျိုး၊ မြင်သာထင်သာတဲ့ စွက်ဖက်မှုမျိုးတွေထက် မသိသာ မမြင်သာတဲ့ စွက်ဖက်မှုတွေ၊ ဩဇာလွှမ်းမိုးမှု၊ အကျပ်ကိုင်မှုတွေ အသွင်မျိုးစုံနဲ့တွေ့မြင်ရပါတယ်။

နိုင်ငံရေးသွတ်သွင်းလိုမှုတွေ၊ နိုင်ငံတကာစံနှုန်းတွေကို နိုင်ငံရေးလက်နက်လို အလွဲသုံးစားအသုံးပြုမှုတွေ၊ ကိုယ့်နိုင်ငံရေးရည်မှန်းချက်အတွက် အားနည်းတဲ့ နိုင်ငံတွေကို အသုံးချလာတာမျိုးပါ တွေ့မြင်ရပါတယ်။

တစ်နိုင်ငံကတစ်နိုင်ငံကို ဖိအားပေးချင်တဲ့အခါ၊ နိုင်ငံရေးအရလိုလားချက်ကို အကောင်အထည်ဖော်လိုတဲ့အခါမျိုးတွေမှာ အမှန်တရားကို မသိကျိုးကျွန်ပြုပြီး လိုချင်တဲ့အဖြေထွက်ဖို့ ပြဿနာကို ပုံဖော်ဖန်တီးတာမျိုး၊ နိုင်ငံတကာစံနှုန်းတွေ ခုတုံးလုပ်တာမျိုးတွေ ရှိပါတယ်။

လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုတဲ့မူတွေဟာ ရည်ရွယ်ချက်အရ ကောင်းမွန်ပေမယ့် လိုရာဆွဲအသုံးပြုမယ်ဆိုရင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်တွေကိုကျော်လွန်ပြီး ပြည်တွင်းရေးရာတွေမှာ ဝင်စွက်ဖက်လာနိုင်တယ်ဆိုတာ သတိပြုရမှာဖြစ်ပါတယ်။

**မေး ။ ။ ယနေ့ခေတ်ကာလမှာ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်တဲ့အခါမှာ ပြောနေကြတဲ့စကားဟာ နိုင်ငံတကာစံနှုန်းလို့ ပြောနေကြတယ်။ Human Security၊ Responsibility to Protect- R2P လို့ပြောကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှုမြင်သုံးသပ်ချက်ကို သိချင်ပါတယ်။**

ဖြေ ။ ။ လူသားလုံခြုံမှု (Human Security) ဆိုတဲ့ အသုံးအနှုန်းကတော့ စစ်အေးကာလနောက်ပိုင်းမှာ စပြီးအသုံးများလာခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှုအပေါ် အဓိကရည်ရွယ်ဆိုလိုထားတာကြောင့် ဒီအသုံးအနှုန်းဟာ ဖွံ့ဖြိုးပြီးအနောက်နိုင်ငံတွေထက် ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ပိုသက်ဆိုင်ရည်ညွှန်းထားတာ တွေ့ရပါတယ်။

ဒီ Human Security အသုံးအနှုန်းကို ၁၉၉၂ ခုနှစ်ကစပြီး ကုလသမဂ္ဂမှာ တွင်တွင်ကျယ်ကျယ်သုံးစွဲခဲ့ပါတယ်။ နိုင်ငံရေးအရကြောက်ရွံ့မှုကင်းခြင်း၊ ငတ်မွတ်မှုမရှိခြင်း၊ ရောဂါကင်းခြင်း၊ အလုပ်အကိုင်ရရှိခြင်း စတဲ့အနှစ်သာရတွေကိုပါ ထည့်သွင်းထားပါတယ်။

ဒါပေမယ့် အဲဒီအချိန်ကတည်းက ဖွံ့ဖြိုးဆဲနိုင်ငံအများစုကတော့ ဒါကိုသုံးပြီး ပြည်တွင်းရေးမှာ ဝင်စွက်ဖက်လာမယ့်အရေးကို စိုးရိမ်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ Human Security ကို နိုင်ငံဖွံ့ဖြိုးရေးရှုထောင့်ကနေ ချဉ်းကပ်ရင် ကောင်းမွန်ပေမယ့် လူ့အခွင့်အရေးကိုအကြောင်းပြုပြီး မလိုလားအပ်တဲ့ နိုင်ငံရေးသွတ်သွင်းမှုတွေရှိလာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေကြောင့်ပဲဖြစ်ပါတယ်။

Human Security အသုံးအနှုန်းခေတ်စားလာပြီးနောက်မှာ Responsibility to Protect- R2P လို့ခေါ်တဲ့ ဝင်ရောက်ကာကွယ်ရန် တာဝန်ရှိမှုဆိုတဲ့ အသုံးအနှုန်း ခေတ်စားလာတာကြောင့် နိုင်ငံငယ်တွေ စိုးရိမ်မှုပိုများခဲ့ပါတယ်။

R2P ဆိုတဲ့အယူအဆကို ၂၀၀၅ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ကမ္ဘာ့ထိပ်သီးအစည်းအဝေး (World Summit) မှာ ပထမဆုံးအကြိမ် တရားဝင်အတည်ပြုခဲ့တာ ဖြစ်ပါတယ်။

ဒီအယူအဆအရ အစိုးရဟာ ပြည်သူတွေကို ကာကွယ်ပေးဖို့ အဓိကတာဝန်ရှိပြီး ကာကွယ်ပေးဖို့ ပျက်ကွက်တယ်လို့ သတ်မှတ်ရင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝင်ရောက်ကူညီဖို့၊ ကာကွယ်ဖို့တာဝန်ရှိပါတယ်။

အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားပေမယ့် နိုင်ငံတစ်နိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေရှိနေရင်၊ genocide ဆိုတဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ Ethnic Cleansing လူမျိုးတုံးသတ်ဖြတ်မှု၊ War Crimes ဆိုတဲ့ စစ်အတွင်း စောင့်ထိန်းရမယ့်ကျင့်ဝတ်ကျော်ပြီး ကျူးလွန်တဲ့ပြစ်မှုမျိုး၊ Crimes Against Humanity ဆိုတဲ့ လူသားမဆန်စွာ ရက်စက်ကြမ်းကြုတ်တဲ့ ပြစ်မှုဆိုတဲ့ အခြေအနေမျိုးရှိတယ်လို့ သတ်မှတ်လိုက်ရင် နိုင်ငံတကာက သံတမန်နည်းလမ်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနဲ့ အခြားငြိမ်းချမ်းတဲ့နည်းလမ်းများသာမက နောက်ဆုံးစစ်ရေးကိုပါ သုံးနိုင်တဲ့အထိ စွက်ဖက်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆပဲဖြစ်ပါတယ်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို စစ်ရေးအရပါ စွက်ဖက်နိုင်တဲ့ R2P အယူအဆကို တချို့နိုင်ငံတွေက နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ဖို့ကြိုးစားခဲ့တာဟာ စေတနာကောင်းနဲ့ဆောင်ရွက်တာမျိုးရှိနိုင်ပေမယ့် နိုင်ငံရေးအရ တလွဲအသုံးပြု ထိုးနှက်တာမျိုးတွေ တွေ့ရပါတယ်။

မြန်မာနိုင်ငံကိုလည်း စွပ်စွဲပြောဆိုတာမျိုးတွေရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာစံနှုန်းတွေကိုတလွဲသုံးပြီး လွှမ်းမိုးခြယ်လှယ်လိုမှုတွေကို သတိပြုရှောင်ရှားဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ အများစုကလက်ခံထားပြီး မိမိကိုယ်တိုင်လည်း လက်ခံနိုင်တဲ့ နိုင်ငံတကာစံနှုန်းတွေကို အလေးထားဂရုပြု ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ သံတမန်နည်းနာက အင်မတန်အရေးကြီးပါတယ်။သံတမန်နည်းနာဆိုတာ အခြေခံအားဖြင့် နိုင်ငံအချင်းချင်း သံရေး၊ တမန်ရေးကတစ်ဆင့် ငြိမ်းချမ်းရေးကိုရှေးရှုပြီး စေ့စပ်ညှိနှိုင်းခြင်းနဲ့ ကိစ္စရပ်အသီးသီး၊ ပြဿနာအသီးသီး ပြေလည်အောင်ဆောင်ရွက်တဲ့ နည်းဗျူဟာတစ်ခုဖြစ်ပါတယ်။

ဒီနည်းဗျူဟာနဲ့ နိုင်ငံတကာမျက်နှာစာမှာ လုံခြုံရေးပြဿနာတွေကိုလျော့နည်းအောင်၊ ပြေလည်အောင်ဖြေရှင်းနိုင်မယ်၊ နိုင်ငံအချင်းချင်းချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေး၊ ကုန်သွယ်ရေး စတာတွေကို တိုးတက်အောင် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရာမှာ သံတမန်နည်းနာကျွမ်းကျင်မှုနဲ့ ဦးစွာခုခံကာကွယ်နိုင်တဲ့အတွက် သံတမန်နည်းနာကို **ကာကွယ်ရေးရဲ့ပထမခံစစ်မျက်နှာစာ (Diplomacy is the first line of defense)**လို့ သတ်မှတ်ထားပါတယ်။ နိုင်ငံတွေအနေနဲ့ ပေါ်ပေါက်လာတဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ စိုးရိမ်ပူပန်မှုတွေကို သံတမန်နည်းလမ်းနဲ့ တုံ့ပြန်ကာကွယ်ဖို့အလွန်ပဲ အရေးကြီးပါတယ်။

ဒါ့ကြောင့် သံတမန်တစ်ဦးအဖြစ် ထမ်းဆောင်ခဲ့တဲ့ ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံ၊ လေ့လာဆည်းပူးခဲ့တဲ့ ပညာရပ်တွေအပေါ် အခြေခံပြီး ကိုယ့်နိုင်ငံအပေါ်သက်ရောက်နိုင်တဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကို ဘက်စုံထောင့်စုံကနေ လေ့လာသုံးသပ်ပြီး အကြံပြုသွားခြင်းဖြင့် နိုင်ငံတော်အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့ပါရှင်၊ ဝန်ကြီး အခုလိုဆွေးနွေးသွားတဲ့အတွက် အမျိုးသားလုံခြုံရေးဆိုတာ သိပ်ကိုကျယ်ပြန့်နက်ရှိုင်းသိမ်မွေ့တယ်ဆိုတာ သိလိုက်ရပါတယ်ရှင်။ ဒါကြောင့်မို့လည်း အစိုးရသစ်အနေနဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ဆိုတဲ့ ရာထူးသစ်ကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီးတော့ အမြော်အမြင်ကြီးကြီးနဲ့ ခန့်အပ်ခဲ့တယ်ဆိုတာ သိလိုက်ရပါတယ်ရှင်။

အခုလိုရှင်းပြဆွေးနွေးပေးတာ ဝန်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်ရှင်။ ။

## အမျိုးသားလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ သံတမန်နည်းနာက အင်မတန်အရေးကြီးပါတယ်။ သံတမန်နည်းနာဆိုတာ အခြေခံအားဖြင့် နိုင်ငံအချင်းချင်း သံရေး၊ တမန်ရေးကတစ်ဆင့် ငြိမ်းချမ်းရေးကိုရှေးရှုပြီး စေ့စပ်ညှိနှိုင်းခြင်းနဲ့ ကိစ္စရပ်အသီးသီး၊ ပြဿနာအသီးသီး ပြေလည်အောင်ဆောင်ရွက်တဲ့ နည်းဗျူဟာတစ်ခုဖြစ်

*ပြည်သူ့လွှတ်တော်မှ*

**အချုပ်တရားခံများ ဆေးကုသရန်အတွက် သီးခြားအခန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းစပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများရှိ အကျဉ်းသား၊ အချုပ်သား လူနာဆောင်အခြေအနေများအား ဆန်းစစ်ကာ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကုသရေးဦးစီးဌာနများအားလုံးကို ဆေးရုံများ၏ လက်ရှိအခြေအနေကို တင်ပြပေးရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ကနဦးလေ့လာဆန်းစစ်မှုများအရ အရေးတကြီးလိုအပ်လျက်ရှိသည့် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ ပြည်သူ့ဆေးရုံများတွင် မြေနေရာလုံလောက်မှုရှိသဖြင့် အချုပ်အကျဉ်းသားဆောင် သီးသန့်ဆောက်လုပ်ပေးရန် တင်ပြလာသဖြင့် တွက်ချက်ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ ကုသရေး ဦးစီးဌာနအနေဖြင့် အကျဉ်းထောင်ရှိသည့် မြို့များမှ ဆေးရုံများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ အချုပ်အကျဉ်းသား လူနာဆောင်ပြုပြင်ရန် လိုအပ်သည့် ဗဟိုအဆင့် အကျဉ်းထောင်များတည်ရှိသည့် မြို့ကြီးများရှိ အချုပ်အကျဉ်းသားလူနာများ လွှဲပြောင်းလက်ခံသည့် ဆေးရုံကြီးများတွင် အချုပ်အကျဉ်းသား လူနာဆောင်သီးခြားရှိပြီးဖြစ်သည့်အတွက် လိုအပ်ချက်ပေါ်မူတည်ပြီး ပြုပြင်မှုများကို ကုသရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အလားတူ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ၁၆ ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံအား ဖွဲ့စည်းပုံအပြည့် ဝန်ထမ်းအင်အားခန့်အပ်ကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်း၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း၏ **ရမည်းသင်းမြို့နယ် သစ်ဆုံကြီးတိုက်နယ်ဆေးရုံအား ၁၆ ခုတင် ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ **ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ ဆေးရုံမှ ၅၀ ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**



ဂျီ ၂၀ ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသည့် ဥရောပခေါင်းဆောင်များကို ဘာလင်မြို့ရှိ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တွေ့ရစဉ်

# ဂျီ ၂၀ ထိပ်သီးအစည်းအဝေးမစတင်မီ ဥရောပခေါင်းဆောင်များ ဘာလင်၌တွေ့ဆုံ

**ဘာလင် ဇွန် ၃၀**

ဇူလိုင် ၇ ရက်မှ ၈ ရက်အထိ ဟမ်ဘာ့ဂ်၌ ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေး မကျင်းပမီတွင် ဥရောပခေါင်းဆောင်များသည် စုပေါင်းရှေ့တန်းစစ်မျက်နှာတစ်ခု ဖြစ်ထွန်းရန်အတွက် ကြာသပတေးနေ့တွင် ဘာလင်၌ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာ မာကယ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အဆိုပါ အစည်းအဝေးတွင် ပြင်သစ်၊ ဗြိတိန်၊ အီတလီ၊ စပိန်၊ ဟော်လန်၊ နော်ဝေခေါင်းဆောင်များနှင့် ဥရောပသမဂ္ဂတို့သည် ထိပ်သီးအစည်းအဝေးပွဲအပြီးတွင် ရာသီဥတုပြောင်းလဲမှုနှင့် လွတ်လပ်စွာကုန်သွယ်ခွင့်အတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများသည် စိတ်ခတ်ကြံ့ခိုင်ခြင်းဟူသောမက်ဆေ့ကို ဂျီ၂၀ ထိပ်သီးအစည်းအဝေးသို့ ပေးပို့သွားရန် ဆန္ဒရှိနေကြောင်း မာကယ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ကြာသပတေးနေ့ အစောပိုင်းက ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရှိရေးနှင့် ပါရီရာသီဥတုပြောင်းလဲမှု သဘောတူစာချုပ်ကိစ္စရပ်များအတွက် နိုင်ငံတကာဖိုရမ်၌ အပြင်းအထန်ကြိုးစားသွားမည်ဖြစ်ကြောင်း ဂျာမန်လွှတ်တော်သို့ ပြောကြား ခဲ့သည်။

ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၌ ရာသီဥတုပြောင်းလဲမှု သဘောတူစာချုပ်နှင့် ပတ်သက်၍ဆွေးနွေးရန်မှာ ထင်ထားသလောက်လွယ်ကူလိမ့်မည်ဟုမျှော်မှန်း၍မရနိုင်ကြောင်း မာကယ်က ဆိုသည်။ ပါရီသဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်မှုကိုလည်း ၎င်းက ထောက်ပြခဲ့သည်။

ထရမ့်၏ အမေရိကန်ကိုရှေ့တန်းတင်သည့်မူဝါဒသည် လွတ်လပ်စွာ ကုန်သွယ်မှုအတွက် ဥရောပနိုင်ငံများ၏ အကူအညီပေးအပ်ရေးနှင့် ပဋိပက္ခများရှိလာခဲ့သည်။ ထို့ပြင် ဥရောပနိုင်ငံများနှင့် အမေရိကန်၏ ခြားနားမှုသည် သိသာထင်ရှားလျက်ရှိကြောင်း မာကယ်က ပြောကြားခဲ့သည်။

ထို့ပြင် မာကယ်က အမေရိကန်နှင့် အတူ ဘုံဖြေရှင်းမှုတစ်ရပ် ရရှိအောင် ကြိုးစားရလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**(ဆင်ဟွာ)**

# လူအုပ်ကြားထဲကားမောင်းဝင်ရန်ကြိုးစားမှုဖြင့် အမျိုးသားတစ်ဦးကိုဖမ်းမိ

**ပါရီ ဇွန် ၃၀**

ပြင်သစ်နိုင်ငံ ပါရီမြို့အရှေ့တောင်ဘက် ဘာသာရေးအဆောက်အအုံရှေ့တွင် လူအုပ်ကြားထဲ ကားမောင်းဝင်ရန် ကြိုးစားမှုဖြင့် အမျိုးသားတစ်ဦးကို မကြာသေးမီက သက်ဆိုင်ရာ အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသားသည် ဘာသာရေးအဆောက်အအုံအား ကာရံထားသည့် နံရံများနှင့် ဂိတ်ပေါက်များအား ဝင်တိုက်ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ရဲတပ်ဖွဲ့မှ ပိတ်ဆို့ထားသည့် အတားအဆီးများကို ရှောင်ရှားရင်း ပလက်ဖောင်းကို တိုက်မိကာ ထွက်ပြေးခဲ့သော်လည်း နောက်ဆုံးတွင် ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမျိုးသားအနေဖြင့် ဘက်တာကလန်ကဇာတ်ရုံနှင့် ချမ့်စ်အီလက်စီရိပ်သာလမ်းအကြမ်းဖက်တိုက်ခိုက်ခံရခြင်းကို လက်တုံ့ပြန်လိုသည့်အတွက် ယခုလို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြသည်။

**(ဆင်ဟွာ)**

# အိန္ဒိယဝန်ကြီးချုပ်မိုဒီ အစ္စရေးနှင့်ဂျာမနီသို့သွားရောက်မည်

**နယူးဒေလီ ဇွန် ၃၀**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် လာမည့်ရက်သတ္တပတ်တွင် အစ္စရေးနှင့် ဂျာမနီနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

မိုဒီအနေဖြင့် အစ္စရေးနိုင်ငံသို့ ပထမဆုံးသွားရောက်မည်ဖြစ်ပြီး ထို့နောက် ဂျာမနီနိုင်ငံဟမ်းဘက်မြို့တွင် ဇူလိုင် ၇ ရက်မှ ၈ ရက်အထိနေထိုင်ကာ ၁၂ ကြိမ်မြောက် ဂျီ-၂၀ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုဒီသည် အိန္ဒိယ-အစ္စရေးသံတမန် ဆက်ဆံရေးထူထောင်မှု ၂၅ နှစ်ပြည့်အခါသမယဖြစ်သည့် ဇူလိုင် ၄ ရက်မှ ၆ ရက်အတွင်း အစ္စရေးနိုင်ငံတွင် နေထိုင်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ၊ အနောက်နှင့်အာဖရိက မြောက်ပိုင်းဆိုင်ရာတွဲဖက် အတွင်းဝန် ဘီဘာလာဘက်စ်ကာက ပြောခဲ့သည်။

အစ္စရေးနိုင်ငံတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟုနှင့် တွေ့ဆုံမည်ဖြစ်ပြီး နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာကိစ္စများကို အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အစ္စရေးသမ္မတ ရူဗင်ရစ်ဗ်လင်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# အမုန်းတရားပေါ်ပေါက်စေမည့် ပြောဆိုရေးသားမှုများနှင့် ပတ်သက်၍ လူမှုကွန်ရက်အား ပြစ်ဒဏ်တပ်ရန် ဂျာမနီလွှတ်တော်မဲခွဲဆုံးဖြတ်

**မြူးနစ်ချ် ဇွန် ၃၀**

ဂျာမနီနိုင်ငံတွင် ပါလီမန်လွှတ်တော်က လွတ်လပ်စွာရေးသားဖော်ပြခွင့်ကို ဥပဒေကန့်သတ်မှုများပြုလုပ်လာနိုင်မှုအပေါ် စိုးရိမ်မှုများရှိနေသော်လည်း အမုန်းတရားဖြင့် ပြောဆိုရေးသားမှုပြုလုပ်သည့် ပို့စ်များကို လူမှုကွန်ရက်များအနေဖြင့်ဖယ်ရှားပယ်ဖျက်ရန်ပျက်ကွက်ခဲ့လျှင် ယူရိုငွေသန်း၅၀ (အမေရိကန်ဒေါ်လာ ၅၇ သန်း) ကို လူမှုကွန်ရက်များက ပေးဆောင်ရန်အစီအစဉ်တစ်ခုကို ဂျာမနီလွှတ်တော်က သောကြာနေ့တွင် ထောက်ခံအတည်ပြုခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် အသရေဖျက်ခြင်း၊ ရာဇဝတ်မှုနှင့်အကြမ်းဖက်မှုဆိုင်ရာခြိမ်းခြောက်မှုများကိုကျူးလွန်ရန် ပြည်သူလူထု၏လှုံ့ဆော်မှုများအတွက်ကမ္ဘာ့အတင်းကျပ်ဆုံးသောစည်းမျဉ်း ဥပဒေအချို့ရှိသည်။

လွှတ်တော်ကမဲခွဲဆုံးဖြတ်ခဲ့သည့်ဥပဒေတွင် လူမှုကွန်ရက်များသည် ရာဇဝတ်မှုနှင့် ငြိစွန်းသောဖော်ပြရေးသားမှုများကို ပယ်ဖျက်ရန် သို့မဟုတ် ပိတ်ထားရန် ၂၄ နာရီအချိန်ပေးထားပြီး လုပ်ဆောင်ရန်ပျက်ကွက်ပါက ကုမ္ပဏီအနေဖြင့် ယူရိုငွေ သန်း ၅၀ကိုဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဂျာမနီရှိကုမ္ပဏီ၏ တာဝန်ရှိအကြီးအကဲအနေဖြင့် ယူရိုငွေငါးသန်းပေးဆောင်ရလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# သမိုင်းဝင်ဘာသာရေးအဆောက်အအုံကို ရယူနိုင်ပြီးနောက် အိုင်အက်စ်တို့ဇာတ်သိမ်းပြီဖြစ်ကြောင်း အီရတ်ကြေညာ




**မိုဆူးလ် ဇွန် ၃၀**

မိုဆူးလ်မြို့ဟောင်းအတွင်းရှိ သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သည့် အယ်လ်အဘာဒီ ဘာသာရေးအဆောက်အအုံကို အီရတ်တပ်ဖွဲ့ဝင်အင်အားစုများက ပြန်လည်ရယူနိုင်ခဲ့ပြီးနောက်တွင် အီရတ်ဝန်ကြီးချုပ် ဟိုဒါအဘာဒီက အဆိုပါ အောင်ပွဲသည် အီရတ်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကျရှုံးသွားသည့် မှတ်တမ်းတစ်ခုပင်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ထုတ်ဖော်ကြေညာခဲ့သည်။

ဆက်လက်၍ ဒက်ရှ် အဖွဲ့ဝင်များကိုလည်း ဖမ်းဆီးချေမှုန်းသွားဦးမည်ဖြစ်ပြီး အီရတ်နိုင်ငံ၌ ၎င်းတို့အဖွဲ့ဝင်များ တစ်ဦးတစ်ယောက်မျှမကျန်ရှိတော့သည်အထိ အမိအရရှာဖွေသုတ်သင်သွားမည်ဟု အီရတ်တပ်မတော်အင်အားစုအကြီးအကဲလည်းဖြစ်သည့် ဝန်ကြီးချုပ်အဘာဒီက ကြွေးကြော်ခဲ့သည်။

မိုဆူးလ်ရှိ ပူးတွဲစစ်ရေးညွှန်ကြားမှုအဖွဲ့ဌာနချုပ်သို့အလည်အပတ်သွားရောက်ခဲ့စဉ်အတွင်း အဘာဒီက ထိုသို့မှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်သည်။ ဌာနချုပ်၌ အဘာဒီသည် တပ်မတော်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့ပြီး မိုဆူးလ်မြို့၏ အနောက်ဘက်အခြမ်းလွတ်မြောက်ရေးအတွက် တိုက်ခိုက်နေသည့်စစ်ပွဲများ၏ တိုးတက်မှုအခြေအနေအရပ်ရပ်ကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

နံနက်အစောပိုင်းအချိန်လောက်တွင် အီရတ်အင်အားစုများသည် အယ်လ်နျူရီ သမိုင်းဝင်ဘာသာရေးအဆောက်အအုံနှင့် ယင်းအဆောက်အအုံ၏မျှော်စင်ကိုသာမက မြို့ဟောင်း၏အလယ်ကောင်ရှိ အိမ်နီးချင်းနယ်မြေတစ်ခုကိုပါ အိုင်အက်စ်စစ်သွေးကြွများလက်မှ ပြန်လည်ရယူနိုင်ခဲ့ကြောင်း သတင်းရင်းမြစ်များတွင်ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ ပညာရေးအကြောင်းအရာအသေးစိတ်သုတေသနစာတမ်း ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံပြုစုထားသည့် ပညာရေးအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းကို ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသုတေသန စာတမ်းသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ရရှိသည့် ပညာရေးဆိုင်ရာ အချက်အလက် သုံးခုဖြစ်သည့် စာတတ်မြောက်မှု၊ ကျောင်းတက်ရောက်မှုအခြေအနေနှင့် အမြင့်ဆုံး တက်ရောက်ပြီးစီးခဲ့သည့် အတန်းတို့ကိုဆန်းစစ်လေ့လာ၊ စာတမ်းပြုစုထားခြင်းဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်အထိ ကျောင်းနေအရွယ်လူဦးရေ ခန့်မှန်းချက်များကိုလည်း ဖော်ပြထားသည်။

စာတမ်းပါ အချက်အလက်များအရ မြန်မာနိုင်ငံတွင် အသက် (၁၅)နှစ်နှင့် အထက် စာတတ်မြောက်မှုနှုန်းမှာ ၈၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၆ ရာခိုင်နှုန်းခန့်ဖြစ်၍ အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းမှာ ၈၆ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်သည်။ မြို့ပြတွင်နေထိုင်သူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၅ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်တွင် နေထိုင်သူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၈၇ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် စာမတတ်သူဦးရေမှာ ၁၉၈၃ ခုနှစ်တွင် ၄ ဒသမ ၅ သန်းခန့်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၆ သန်းအထိ လျော့နည်းလာကြောင်း သိရသည်။

ကျောင်းတက်ရောက်မှုနှင့် ပတ်သက်၍ အသက်(၅)နှစ်မှ (၂၅)နှစ်အတွင်းရှိ လူဦးရေ၏ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းမှာ ၃၈ ဒသမ ၈ ရာခိုင်နှုန်းခန့်သာရှိပြီး မြို့ပြနှင့် ကျေးလက်တို့တွင် ကျောင်းတက်ရောက်မှုရာခိုင်နှုန်းမှာ အနည်းငယ်သာကွာခြားသည်ကိုတွေ့ရှိရသည်။ အသက် ခုနစ်နှစ်မှ (၁၅)နှစ်အတွင်းရှိ ကလေးငယ် ငါးသိန်းခန့်သည် လုံးဝကျောင်းမနေဖူးသူများဖြစ်ကြပြီး အများစုမှာ ကျေးလက်နေ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်များအရ အသက်(၂၅)နှစ်အထက် လူဦးရေစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်မှာ မူလတန်းပညာရေးအဆင့် (သို့မဟုတ်) အတန်းမရှိသူများသာ ဖြစ်ကြောင်း တွေ့ရှိရပြီး အသက် (၂၅) နှစ်နှင့် အထက် လူဦးရေ၏ ၇ ဒသမ ၃ ရာခိုင်နှုန်းခန့်သာ တက္ကသိုလ်မှ ဘွဲ့ရရှိသူများဖြစ်ကြောင်း သိရသည်။

၁၉၇၃ ခုနှစ်တွင် ကျောင်းနေအရွယ်လူဦးရေမှာ ရှစ်သန်းခန့်နှင့် ၁၉၈၃ ခုနှစ်တွင် ၉ ဒသမ ၅ သန်းခန့်ရှိပြီး ၂၀၁၄ ခုနှစ်တွင် ကျောင်းနေအရွယ် လူဦးရေမှာ ၁၁ သန်းနီးပါးရှိသည်။ သို့သော်လည်း ၂၀၅၀ ပြည့်နှစ်တွင် ကျောင်းနေအရွယ် လူဦးရေ ၁၀ ဒသမ ၇ သန်းခန့်ထိ လျော့ကျသွားမည်ဟု ခန့်မှန်းထားသည်။

အဆိုပါစာတမ်းတွင် မြန်မာနိုင်ငံ ပညာရေးစနစ် တိုးတက်ကောင်းမွန်လာစေရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည့်အပြင် အစိုးရ၏ အနာဂတ်မူဝါဒများကို ချမှတ်နိုင်ရာတွင် အထောက်အကူပြုနိုင်ရန် ပညာရေးဆိုင်ရာ စာရင်းအင်းအချက်အလက် ကောက်ယူခြင်းနှင့်ပတ်သက်၍ သီးခြားအကြံပြုချက်အချို့ကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ပြည်သူ့အင်အား ဦးစီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပင်မအစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများ၊ အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ၊ ကိုးကွယ်သည့်ဘာသာအစီရင်ခံစာနှင့် အသေးစိတ်သုတေသန စာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ သားဖွားမိခင်သေဆုံးခြင်း၊ လူဦးရေပြောင်းလဲခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း၊ လူဦးရေခန့်မှန်းခြင်း၊ လုပ်သားအင်အားအကြောင်းအရာနှင့် ယခုထုတ်ပြန်လိုက်သည့် ပညာရေးအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းများကို ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင်ဝင်ရောက်ကြည့်ရှုလေ့လာရယူနိုင်ကြောင်းနှင့် အစီရင်ခံစာကို http://www.dop.gov.mm /moip/index.php… လင့်တွင် download ရယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်ဓာတ်အားပေးစီမံကိန်းများအောင်မြင်ရန် ပိုမိုရင်းနှီးမြှုပ်နှံသင့်ကြောင်း အောက်စ်ဖို့ဒ်စီးပွားရေးသုတေသနလုပ်ငန်းက လုပ်ငန်းရှင်များသို့ တိုက်တွန်း

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံအနေဖြင့် ၁၅ နှစ်တာကာလအတွင်း ဆက်သွယ်မှုပိုမိုကောင်းမွန်လာရေးနှင့် နိုင်ငံတစ်ဝန်း လျှပ်စစ်မီးပိုမိုရရှိလာရေးတို့အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ရပြီး နိုင်ငံတွင်း သီးသန့်လျှပ်စစ်ဓာတ်အားပေးကွန်ရက်များ တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာသည်ဟု အောက်စ်ဖို့ဒ် စီးပွားရေးလုပ်ငန်းစု၏ အယ်ဒီတာတစ်ဦးက ယနေ့ထောက်ပြပြောဆိုလိုက်သည်။

မစ္စတာရီဒေးဗစ်က မြန်မာ့စီးပွားရေးနှင့်ပတ်သက်သည့် အချက်အလက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များဆိုင်ရာ အကြောင်းအရာများကို ရေးသားမှတ်ချက်ပြုပေးသူတစ်ဦးဖြစ်ပြီး သူ့အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လုပ်ဆောင်မည်ဟု ကြေညာထားသည့် ကျေးလက်ဒေသများရှိ သီးသန့်ဓာတ်အားပေး ကွန်ရက်စီမံကိန်းများကို လေ့လာသုတေသန ပြုလုပ်နေသည်ဟု သိရှိရသည်။

အဆိုပါစီမံကိန်းများအရ ကျေးရွာ ၁၀ ရွာအား သီးသန့်လျှပ်စစ်ဓာတ်အားအရင်းအမြစ်များဖြင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းသည် ဝေးလံခေါင်ပါးသောဒေသများတွင် ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန်အတွက် ဆောင်ရွက်မှုစီမံကိန်း၏ ရှေ့ပြေးအစီအစဉ် တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဝန်ကြီးဌာနအနေဖြင့် အိမ်ခြေပေါင်း ၃၅၀၀၀ ကျော်အား သီးသန့်လျှပ်စစ်ဓာတ်အားပေး ကွန်ရက်စနစ်များဖြင့် ချိတ်ဆက်ပေးခြင်းဖြင့် လည်းကောင်း၊ နောက်ထပ်နေအိမ်ပေါင်း ၄၆၀၀၀၀ အား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်များဖြင့်လည်းကောင်း လျှပ်စစ်မီးရရှိစေရေး ဆောင်ရွက်သွားရန် မျှော်မှန်းထားသည်။

အဆိုပါစီမံကိန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအောင်သူက ကြေညာခဲ့ပြီး စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ၊ ပြည်နယ်အစိုးရများနှင့် နိုင်ငံတကာမှ အကူအညီများရရှိရန် လိုအပ်သည်ဟု သိရှိရသည်။

မစ္စတာရီ၏ ခန့်မှန်းဝေဖန်ချက်အရ အစိုးရမှ သီးသန့်လျှပ်စစ်ဓာတ်အားပေးကွန်ရက်များ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားပမာဏ ၃၀ မဂ္ဂါဝပ် ထုတ်နိုင်ရန် စိတ်ကူးထားပြီး စီမံကိန်း ပထမငါးနှစ်တွင် အိမ်ခြေပေါင်း ငါးသိန်းကို လျှပ်စစ်မီးရရှိနိုင်မည်ဟု ဖော်ပြထားသည်။



အမျိုးသား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း (NEP) အရ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံအထိ အသုံးပြု ဆောင်ရွက်သွားရန် ရည်မှန်းထားသည်။ ကမ္ဘာ့ဘဏ်မှ နောက်ဆုံးရရှိထားသော အချက်အလက်များအရ ပင်မဓာတ်အားလိုင်းသည် နောက်ပိုင်းနှစ်များတွင် ပိုမိုကျယ်ပြန့်လာပြီး မြို့ပြဒေသများသို့ လျှပ်စစ်ဓာတ်အားစီးဝင်မှု ပမာဏ ပိုမိုများပြားလာသော်လည်း ၂၀၁၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်မီးရရှိမှု ပမာဏမှာ ၃၃ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်ဒေသများတွင်မူ ၁၆ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ပိုမိုကျယ်ပြန့်လာသော ဓာတ်အားလိုင်းစနစ်သည် လျှပ်စစ်မီးရရှိရေးအတွက် အဓိကတိုးမြှင့်ပေးမည့် အရာတစ်ခုဖြစ်သော်လည်း အမျိုးသား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်း (NEP) အရ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိနိုင်ရန်အတွက် သီးသန့်လျှပ်စစ် ဓာတ်အားပေးစနစ်ကွန်ရက်များနှင့် နေအိမ်တစ်လုံးချင်းစီ သို့မဟုတ် လူနေအိမ်ခြေအနည်းငယ်စီအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်များ ဖော်ဆောင်ရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်သည်။ ထို့အပြင် ပင်မလျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်မှာ ငွေကြေးကန့်သတ်ချက်ရှိသဖြင့် အချို့သော လူနေအိမ်များအနေဖြင့် ရေရှည်တွင် သီးသန့် လျှပ်စစ်ဓာတ်အားပေးစနစ် ကွန်ရက်များအား ပိုမိုမှီခိုလာကြရမည်ဖြစ်သည်ဟု မစ္စတာရီ၏ ထုတ်ပြန်ချက်ကို အောက်စ်ဖို့ဒ် စီးပွားရေးလုပ်ငန်းစုမှ ထုတ်ပြန်ထားသည်။

ထို့အပြင် ကမ္ဘာ့ဘဏ်မှလည်း အမျိုးသား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းအတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ အား ပေးအပ်ရန် အတည်ပြုခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ဂျာမနီနိုင်ငံမှ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအေဂျင်စီ တစ်ခုဖြစ်သော GIZ တို့အပြင် နိုင်ငံတကာမှ ငွေကြေးချေးငှားသူများသည်လည်း အဆိုပါရည်မှန်းချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ကူညီမှုများ ပြုလုပ်လာကြသည်။

“လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရရန် ပိုမိုသေချာသော အလားအလာများနှင့်အတူ သီးသန့်လျှပ်စစ်ဓာတ်အားပေးကွန်ရက်များ တည်ဆောက်မှုအပေါ် အာရုံစူးစိုက်မှုမှ ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်း ပံ့ပိုးသူများသာမက ပြန်လည်အသုံးပြုနိုင်တဲ့ ပုဂ္ဂလိကစွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည်”ဟု ၎င်းက သုံးသပ်ပြထားသည်။

သို့သော်လည်း ပါရမီစွမ်းအင်လုပ်ငန်းစု၏ အမှုဆောင်အရာရှိချုပ် Ken Tun က ပြန်လည်အသုံးပြုနိုင်သော ပုဂ္ဂလိကစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရန်၊ ခိုင်မာသော အခြေခံအုတ်မြစ်များ ဖန်တီးရန် လိုအပ်နေသေးကြောင်း မီးမောင်းထိုးပြသည်။

“ပြန်လည်အသုံးပြုနိုင်တဲ့ ပုဂ္ဂလိကစွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းတွေကို ကြည့်ရတဲ့အခါမှာ မသေချာမှုတွေ အများကြီးရှိနေပြီးတော့ အကောက်ခွန်ဟာ တစ်ခုအပါအဝင်ဖြစ်နေပါတယ်။ အိန္ဒိယအစရှိတဲ့ ဈေးကွက်တွေဆို ကောင်းမွန်တဲ့ မူဝါဒရှိတဲ့ ပတ်ဝန်းကျင်နဲ့ တစ်ကီလိုဝပ်ကို တစ်နာရီ အခွန် ၀ ဒသမ ၀၅ ဒေါ်လာ ပတ်ဝန်းကျင်မှာ သုံးစွဲနိုင်ဖို့ ဘဏ္ဍာရေးစီမံကိန်းတွေ ထားရှိနေကြပါပြီ”ဟု ဆိုကြောင်းနှင့် “လက်ရှိဓာတ်အားလိုင်းကွန်ရက်တွေအနေနဲ့ ပြန်လည်အသုံးပြုနိုင်တဲ့ စွမ်းအားအရင်းအမြစ်တွေကနေ စွမ်းဆောင်ရည် ပိုမိုရရှိနိုင်ဖို့ နည်းပညာပိုင်းလေ့လာမှုတွေ လုပ်သင့်ပါတယ်။ ဆိုလိုချင်တာကတော့ အစိုးရအနေနဲ့ ပြန်လည်အသုံးပြုနိုင်တဲ့ ပုဂ္ဂလိကစွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းတွေကို အတည်ပြုဖို့ အချိန်ပိုယူသင့်ပါတယ်”ဟု အကြံပြုကြောင်း မစ္စတာရီက ထည့်သွင်းဖော်ပြထားသည်။

“လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိခြင်းက အခြေခံတယ်လီကွန်း အဆောက်အအုံတိုးချဲ့မှုကို နှေးကွေးစေပြီး ပြုပြင်ထိန်းသိမ်းရေးဈေးနှုန်းတွေကို ပိုမိုစေပါတယ်”ဟု ABC Telecomm ၏ CEO ဒေါ်ဖြူဖြူဝင်းက ပြောကြားထားပြီး တယ်လီကွန်းတာဝါ ကုမ္ပဏီတစ်ခုဖြစ်သည့် Apollo Towers ၏ CEO Philippe Luxcey က “လူနေအိမ်နည်းပါးတဲ့ နေရာမှာရှိတဲ့ တောင်ကုန်းဒေသတွေမှာ လျှပ်စစ်ဓာတ်အားပေးစက်တွေကို သယ်ယူလာပြီး ထိန်းသိမ်းရတာဟာ အလွန်ခက်ခဲတာကြောင့် ပြုပြင်ထိန်းသိမ်းရေးမှာ စိန်ခေါ်မှုတစ်ခု ဖြစ်စေပါတယ်။ ဒါ့အပြင် အော်ပရေတာတွေအနေနဲ့ ထောက်ပံ့ဖို့ဆန္ဒမရှိတဲ့၊ အသင့်မဖြစ်သေးတဲ့ အခြားကုန်ကျစရိတ်တွေ အများကြီးရှိပါတယ်”ဟု ဆိုထားသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-ဟိန်းထက်အောင်**

# ပညာသင်စရိတ် ထောက်ပံ့

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တရားရေးဌာနဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦးတို့အား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်/ကောလိပ်အဆင့်တို့တွင် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၈ ဦးတို့အတွက် စာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ် ၇၅၃၀၀၀ ကို တရားလွှတ်တော်တရားသူကြီးများက ပေးအပ်ချီးမြှင့်ကြသည်။

**(သတင်းစဉ်)**

❍ *ကျော်ဖုံးမှ*

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် One Championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲ Main Fight ပွဲစဉ် ဖြစ်သည့် အောင်လအန်ဆန်နှင့် လက်ရှိချန်ပီယံ ဗစ်တာလီဘစ်ဒက်ရ်တို့ပွဲတွင် အောင်လအန်ဆန်သည် ယခင်ပထမပွဲ ထိုးစဉ်နှင့်မတူ ပြောင်းလဲကာ ဘောက်စင်ပညာကို ဦးစားပေးအသုံးပြုပြီး ယခုကဲ့သို့ အမှတ်ဖြင့် အနိုင်ရခြင်းဖြစ်သည်။ အခြား MMA ပွဲစဉ်များဖြစ်သည့် ဂျင်မီရာဘို(ဖိလစ်ပိုင်)နှင့် ဘရူနိုပူစီ(ဘရာဇီး) တို့ပွဲတွင် ဘရူနိုပူစီက ပထမအချီတွင် အနိုင်ရခဲ့ပြီး ကီဗင်ချောင် (တောင်ကိုရီးယား)နှင့် ရှောင်ကျန်ယီ (တရုတ်)တို့ပွဲတွင် ကီဗင်ချောင်က အမှတ်ဖြင့်အနိုင်ရခဲ့သည်။ ထို့အပြင် အမျိုးသမီးအထူးပွဲစဉ်အဖြစ် ဂျင်နီယောင်(တရုတ်တိုင်ပေ)နှင့် မာရာဂူရှိ (ဂျပန်)တို့ယှဉ်ပြိုင်ထိုးသတ်ရာတွင် မာရာဂူရှိ(ဂျပန်)က ဂျင်နီယောင်ကို ဂျူဂျစ်စုနည်းဖြင့် ပထမအချီမှာပင်အနိုင်ယူခဲ့ပြီး MMA(Mix Martial Art) ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြသည့် ရိုးရာလက်ဝှေ့သမားများဖြစ်သော စောမင်းမင်း (T&T) နှင့် ကျားဗဟိန်း(ဝင်းထွန်းကလပ်) တို့ပွဲတွင် စောမင်းမင်းက ပထမအချီမှာပင်အနိုင်ရခဲ့ကာ ဒုတိယပွဲစဉ်တွင် ရွှေကောင်းသားနှင့် ပြန်လည်တွေ့ဆုံရာ၌ ရွှေကောင်းသားကို ဂျူဂျစ်စုနည်းဖြင့်ပင် အနိုင်ယူကာ ဆုဖလားကို ဆွတ်ခူးရရှိသွားသည်။ တစ်ဖန် ရဲသွေးနီနှင့် ပတ်ကျော်လင်းနိုင်ပွဲတွင် ရဲသွေးနီက လည်းကောင်း၊ ထက်အောင်ဦးနှင့် သပြေညိုပွဲတွင် ပထမအချီမှာပင် သပြေညိုက အလဲထိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ရိုးရာလက်ဝှေ့ အမှတ်ပေးနည်းစနစ်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော သွေးသစ်ဝင်းလှိုင်နှင့် စိုးထက်ဦးပွဲတွင် ငါးချီပြည့် အနိုင်မခံ အရှုံးမပေး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ခဲ့သဖြင့် အမှတ်စနစ်ဆုံးဖြတ်ရာ သွေးသစ်ဝင်းလှိုင် အနိုင်ရခဲ့သည်။

ယနေ့ One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သော အောင်လအန်ဆန်သည် လာမည့် နိုဝင်ဘာလတွင် အဆိုပါရွှေခါးပတ်ချန်ပီယံဆုကို ကာကွယ်ရန် စိန်ခေါ်သူမည်သည့် လက်ဝှေ့သမားနှင့်မဆို ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

# ဒေသတည်ငြိမ်အေးချမ်းမှုထိခိုက်နိုင်သည့် ကောလာဟလများကို မယုံကြည်ကြရန် ရခိုင်ဝန်ကြီးချုပ် တိုက်တွန်း



**နေပြည်တော် ဇွန် ၃၀**

ရခိုင်ပြည်နယ် မောင်တောနှင့် ဘူးသီးတောင်မြို့များတွင် နေထိုင်ကြသော ရခိုင်ပြည်သူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်နိုင်သည့် ကောလာဟလများကို မယုံကြည်ကြရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တိုက်တွန်းပြောကြားလိုက်သည်။

"မကြာသေးမီက မောင်တောမြောက်ပိုင်း တရိန်းကျေးရွာဖြစ်စဉ်နဲ့ပတ်သက်ပြီး ဒေသခံတိုင်းရင်းသားတွေအနေနဲ့ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ လုပ်ကိုင်စားသောက်နေရတယ်လို့ သိရပါတယ်။ ဒီအတွက် မစိုးရိမ်ကြပါနဲ့။ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ တပ်မတော်တို့ ပူးပေါင်းပြီး နယ်မြေလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသတည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာနိုင်တဲ့ ကောလာဟလတွေကိုလည်း မယုံကြည်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ဝန်ကြီးချုပ် ဦးညီပုက ဇွန် ၂၉ ရက်က ဘူးသီးတောင်မြို့ သီရိမင်္ဂလာရွာမဘုန်းတော်ကြီးကျောင်း၌ ရွာမကျေးရွာ ပြည်သူများအား အားပေးစကား ပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အလားတူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ရဲမှူးချုပ် သူရစန်းလွင်တို့ကလည်း အားပေးစကားများ ပြောကြားခဲ့သည်။

ယင်းနောက် ဘူးသီးတောင်မြို့နယ် ရွာမကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ယင်းနောက်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့၌ အိုးအိမ်ဦးစီးဌာနက တည်ဆောက်ပေးလျက်ရှိသည့် ဝန်ထမ်းအိမ်ရာကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံမှုတွင် တရားလိုရဲအုပ်မိုးနိုင်အား ယခင်စစ်ဆေးပြီး အစပထမမှ ပြန်လည်စစ်ဆေး

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်ပြီး သေနတ်သမားကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ က အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်ခဲ့သည်။ **(အောက်ယာပုံ)**

ယင်းအမှုနှင့်ပတ်သက်ပြီး စွပ်စွဲထားသော ရာဇဝတ်ကြီးအမှတ် ၄၅/ ၂၀၁၇၊ လက်နက်မှုဥပဒေပုဒ်မ ၃၀၂/ ၃၄/ ၂၁၂ တွင် တရားလိုပြုလုပ်သူ လေဆိပ်နယ်မြေတာဝန်ခံ ရဲအုပ်မိုးနိုင်အား မြောက်ပိုင်းခရိုင် အထူးခုံတရားရုံးက ယခင်စစ်ဆေးပြီး အစပထမမှ ပြန်လည်စစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် လူသတ်မှုလိုပြသက်သေများ ဆက်လက်စစ်ဆေးရန် နောက်တစ်ပတ်ရုံးချိန်းတွင် ၇-၇-၂၀၁၇ (သောကြာနေ့)သို့ ချိန်းဆိုလိုက်ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးရဲလွင်က မီဒီယာများအား ရှင်းလင်းပြောကြားရာမှာ "ဒီကနေ့က ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီး ၄၅/ ၂၀၁၇၊ တရားခံကြည်လင်းပါ လေးဦး ရာဇသတ်ကြီး ပုဒ်မ-၃၀၂/ ၃၄/ ၂၁၂ အမှုကနေ တရားလို ရဲအုပ်မိုးနိုင်ကို စတင်စစ်ဆေးပါတယ်။ အဲ့ဒီလို မစစ်ဆေးခင်မှာ (၂)တရားခံ အောင်ဝင်းဇော်၊ (၄)တရားခံအောင်ဝင်းထွန်းတို့ရဲ့ မူလရှေ့နေနဲ့ ပူးတွဲလိုက်ပါဆောင်ရွက်ဖို့ တရားလွှတ်တော်ရှေ့နေ ဦးညွန့်ရွှေက ကိုယ်စားလှယ်(ပါဝါ) ထပ်မံဖြည့်စွက်ပါတယ်။ နောက်တစ်ခုက နစ်နာသူ ဦးနေဝင်းမိသားစုရဲ့ ဥပဒေအကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်ကနေ အမှုလိုက်ဥပဒေအရာရှိတွေကို နောက်တိုးတရားခံကိစ္စ စာနဲ့တင်ပြထားတာရှိတယ်၊ ခုက တရားလိုကိုသာ စစ်ဆေးရသေးတဲ့အတွက် တရားရုံးကို မတင်ပြသေးတာပါ၊ လိုပြသက်သေကို စစ်ဆေးပြီးမှသာ နောက်တိုး တရားခံကိစ္စ အထူးခုံရုံးကို တင်ပြသင့်/မသင့် စဉ်းစားမယ်လို့ အမှုလိုက်ဥပဒေအရာရှိက တရားရုံးတော်ကို တင်ပြတာရှိပါတယ်၊ အဲ့ဒါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၃နဲ့ ၂၀၁၆ ခုနှစ် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေ(၁၁၇)အရ တရားလိုနစ်နာသူ အကျိုးဆောင်ဆိုခဲ့ရင် အမှုလိုက်ဥပဒေ အရာရှိရဲ့ညွှန်ကြားမှုနဲ့သာ အမှုလိုက်ပါဆောင်ရွက်ရပြီးတော့ အမှုလိုက်ဥပဒေအရာရှိရဲ့ ခွင့်ပြုချက်မရှိဘဲနဲ့ တရားရုံးတွေမှာ သက်သေတွေစစ်ဆေးတာတို့၊ သက်သေခံအထောက်အထားတွေ တင်သွင်းတာတို့ မပြုရဘူးဆိုတဲ့ ပြဋ္ဌာန်းချက်ကြောင့် တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်အနေနဲ့ အမှုလိုက် ဥပဒေအရာရှိက ဒီကိစ္စကို အထူးခုံရုံးသို့ နောက်တိုးတရားခံနဲ့ ပတ်သက်ပြီးတော့ လောလောဆယ် တင်ပြထားတာမရှိသေးပါဘူး၊ တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်နဲ့ အမှုလိုက်ဥပဒေအရာရှိကြားမှာ ဒီတင်ပြချက်လေးတွေပဲ ရှိပါတယ်"ဟု ပြောကြားသည်။

တရားခံ အောင်ဝင်းဇော်၊ အောင်ဝင်းထွန်းတို့၏ အထက်တန်းရှေ့နေ ဦးအောင်ခိုင်က "လူသတ်မှုနဲ့ ရဲအုပ်မိုးနိုင်ကို အလုပ်သဘောအရ ဒုတိယအကြိမ် ပြန်စစ်ဆေးတာပါ၊ ယခင်ထွက်ချက်ကို ပြန်ဖတ်တာလည်းဖြစ်တယ်၊ မေးခွန်းအသစ်ကတော့ လေဆိပ်ဂိတ် အမှတ်-၆ မှာရှိတဲ့ CCTV မှတ်တမ်းအရ ကြည်လင်းကတစ်ယောက်တည်းလား၊ ဘယ်သူပါလဲ၊ ဘာကားနဲ့လဲ ကွဲပြားအောင်မေးခဲ့ပါတယ်၊ တရားရုံးမှာ CCTV မှတ်တမ်းကို ဆလိုက်ထိုးပြမှ မှားမှန်ခွဲခြားလို့ရပါမယ်၊ အခင်းဖြစ်ပြီးမှ မှတ်တမ်းကို ကြည့်ရတော့ သက်သေခံဥပဒေအရ ချည်၊ ရ၊ တုပ်ရတဲ့သဘောပါ၊ ကြည်လင်းကို စစ်တုန်းက မြင့်ဆွေညွှန်ကြားချက်ကြောင့်လို့ပါတယ်၊ သက်သေ ၈၀ ထဲမှာတော့ ကော့ကရိတ်က မြင့်ဆွေဆိုတာ ပါတယ်၊ အဲ့ဒီ မြင့်ဆွေရဲ့စကားပြောစက်လေးလုံး၊ တယ်လီဖုန်းလေးလုံး၊ ရဲတပ်ဖွဲ့က သိမ်းထားတယ်၊ ကြည်လင်းကို ညွှန်ကြားတဲ့ မြင့်ဆွေလားဆိုတာ မှန်သလား၊ မှားသလားလို့ စစ်ဆေးကြည့်မှ ပေါ်ပေါက်မှာပါ"ဟု ပြောသည်။

"ကျွန်တော်က ဦးနေဝင်းပါဝါရ ရှေ့နေပါ၊ ခုရှုပ်မှ နောင်ရှင်းမယ်ဆိုသလို အမှုအနေအထားအတိုင်း နောက်တိုးတရားခံ လေးယောက်၊ နောက်တိုးသက်သေ နှစ်ယောက်ထည့်ဖို့ နိုင်ငံတော်အခွန်ဘဏ္ဍာ ၁၀၀ ကျပ် ထမ်းဆောင်ပြီးတော့ ဥပဒေအရာရှိကနေတစ်ဆင့် တင်ခိုင်းတယ်၊ ခရိုင်ဥပဒေအရာရှိက အခုအဆင့်မှာ ပေါ်ပေါက်ချက်မရှိသေးလို့ မတင်သေးပါဘူးပြောတယ်၊ တင်သွင်းဖို့အချိန် စောပါသေးတယ်လို့ သဘောထားမှတ်ချက်နဲ့ ထားလိုက်ပါတယ်၊ အမှုနဲ့ပတ်သက်လို့ကတော့ ကွင်းဆက်တွေက များနေတယ်၊ စောစောစီးစီးကတည်းက ဒီလူတွေဟာ ပြည်ထဲရေးဝန်ကြီး သတင်းစာရှင်းလင်းပွဲမှာ ပေါ်ပေါက်လာတဲ့အချက်အရ ထည့်ကို ထည့်သင့်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်တယ်၊ နောက်တိုး လေးယောက်ထဲမှ တရားခံပြေး အောင်ဝင်းခိုင်ကိစ္စ ပေါ်ပေါက်မယ်လို့ ယုံကြည်တယ်၊ တရားသူကြီးတွေ သုံးယောက်စလုံးကတော့ အလွန်လေးစားယုံကြည်ထိုက်သူတွေပါ။ သူတို့ စားပွဲပေါ်ရောက်လာခဲ့ရင်တော့ တစ်စုံတစ်ရာ ဆောင်ရွက်သွားမှာပါ၊ ဒီအမှုက အရေးကြီးတယ်၊ ဟာကွက်ဖြစ်မှာစိုးလို့ပါ"ဟု တရားလွှတ်တော်ရှေ့နေ ရောဘတ်စန်းအောင်က ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**



# နာဂဒေသတွင် ကူးစက်ရောဂါကြောင့် လူ ၁၇၀ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိ

**ထန်ပါခွေ ဇွန် ၃၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ထန်ပါခွေမြို့နယ် လန်းနောက်ကျေးရွာအုပ်စု လန်းနောက်ကျေးရွာတွင် ဇွန် ၂၀ ရက်က စတင်၍ တုပ်ကွေး၊ ချောင်းဆိုး၊ ရင်ကျပ်၊ နှာခေါင်းသွေးယို စသည့် ရောဂါနှင့် အခြားသော ရောဂါများကြောင့် ကလေးငယ်များနှင့် လူကြီးအချို့ သေဆုံးလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် အဆိုပါကျေးရွာသို့ ထန်ပါခွေတိုက်နယ် ကျန်းမာရေးမှူး ဒေါက်တာ ညီညီအေးသိန်းက ကွင်းဆင်း ဆေးကုသခဲ့ကြောင်း သိရသည်။

သို့သော်လည်း လူနာများပြားခြင်း၊ နှာခေါင်းသွေးယိုလက္ခဏာများ ဖြစ်ပွားခြင်း၊ သွေးအန်၍ သေဆုံးမှုများ ဖြစ်ပေါ်နေကြောင်းသိရသဖြင့် နာဂဒေသဦးစီးအဖွဲ့က ဦးဆောင်၍ ဒေါက်တာ ညီညီအေးသိန်းနှင့်အဖွဲ့သည် ဇွန် ၂၉ ရက်က အခင်းဖြစ်ရာကျေးရွာသို့ ထပ်မံသွားရောက်ကုသခဲ့သည်။

အဆိုပါကျေးရွာအုပ်စုတွင် လူနာပေါင်း ၅၄၇ ဦးကို ကွင်းဆင်းကုသခဲ့ပြီး လူနာ ၁၇၀ ကို ဆေးကုသဆဲဖြစ်ကြောင်း၊ နှစ်ဦးကို ထန်ပါခွေမြို့ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း ထန်ပါခွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နေကြာအိတ်တင်ဆောင်လာသော ယာဉ်တိမ်းမှောက်မှုကြောင့် သုံးဦးသေ၊ သုံးဦး ဒဏ်ရာရ

**ပဲခူး ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီး မိုင်တိုင်အမှတ်(၁၁၇/၂)နှင့်(၁၁၇/၃)ကြားတွင် ဇွန် ၃၀ ရက် နံနက် ၅ နာရီ မိနစ် ၅၀ က နေကြာအိတ်များ တင်ဆောင်လာသော ၁၀ ဘီးယာဉ်မှာ အရှိန်လွန်တိမ်းမှောက်ခဲ့၍ အမျိုးသမီး သုံးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း မောင်ဖြိုး မောင်းနှင်လာသော 5C/---- ၁၀ ဘီးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းဝဲဘက်ခြမ်းရှိ ရေမြောင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ နေကြာအိတ်များပိ၍ အမျိုးသမီး သုံးဦး သေဆုံးပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ ကာ ယာဉ်မဆင်မခြင်မောင်းနှင်သော မောင်ဖြိုးအား ကျောက်တံခါးနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(၁၆၄)**

## သတင်းမီဒီယာသမား ၃ ဦးအရေးယူခံရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ်(၇/၂၀၁၇)

**နေပြည်တော် ဇွန် ၃၀**

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ အကြီးတန်းသတင်းထောက်တစ်ဦးနှင့် ဒီမိုကရက်တစ်မြန်မာ့အသံမှ သတင်းထောက်နှစ်ဦးတို့အား TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လားရှိုးမြို့နယ်ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း သိရှိရပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများက သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဖောက်ဖျက်ရာရောက်ကြောင်း ရေးသားဖော်ပြကြပါသည်။

၂။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အရေးယူခံရသူများသည် သတင်းမီဒီယာသမားများဖြစ်သဖြင့် ၎င်းတို့၏ သတင်းရယူခွင့်နှင့် သတင်းလွတ်လပ်ခွင့်ကို အလေးထားစဉ်းစားရန်နှင့် ယခုအချိန်သည် ပြည်ထောင်စုငြိမ်းချမ်းရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ဆောင်နေသော အချိန်ကာလဖြစ်သည်ဆိုသည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် သင့်မြတ်မည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယူဆပါသည်။

၃။ အဆိုပါ သတင်းမီဒီယာသမားများအား ထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ပြုရန်၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြုရန်နှင့် တရားရင်ဆိုင်သည့်အခါတွင် ရှေ့နေငှားရမ်းခွင့်နှင့် တိုင်ပင်ခွင့်ပြုရန်စသည့် ၎င်းတို့၏ အခြေခံအခွင့်အရေးများအား ခံစားခွင့်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၃၀** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ **(မိုး/ဇလ)**



# ဘဝကပေးသည့်သင်ခန်းစာဖြင့် အေးချမ်းမှုကိုရှာတွေ့ခဲ့သည့် ထက်ထက်မိုးဦး

တွေ့ဆုံမေးမြန်း - ကိုလင်း

**၁၉၉၆ ခုနှစ်က အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုအဖြစ် ပန်းသခင် ဇာတ်ကားနှင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ်က သမီးမိုက်ဇာတ်ကားဖြင့်လည်းကောင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကိုရရှိထားခဲ့သူ ကြော်ငြာဘုရင်မဟု တင်စားခေါ်ဝေါ်ခဲ့ရသည်။ ပြည်သူ့အချစ်တော်ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦးတစ်ယောက် ယခုအချိန်တွင် အေးချမ်းသည့်မိသားစုဘဝနှင့် ဘာသာတရားအဆုံးအမတို့ဖြင့် ဘဝကိုဖြတ်သန်းလျက်ရှိနေသည်ကို မြင်တွေ့ရသည်။ ယခုအချိန်တွင် ဘဝကပေးလာသည့် သင်ခန်းစာများကြောင့် ရှေ့ဆက်ရမည့်ဘဝခရီးတွင် ကုသိုလ်ကောင်းမှုများပြု၍ မိသားစုနှင့်အတူဖြတ်သန်းရန် အာသီသရှိနေသည့် ထက်ထက်မိုးဦးအား မြန်မာ့အလင်း ပရိသတ်ကြီးအတွက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး ။ ထက်ထက်မိုးဦးအနေနဲ့ အလှအပနဲ့ပတ်သက်ပြီး ဘယ်လိုပြုပြင်ထိန်းသိမ်းသလဲ။**

ဖြေ ။ ခွဲစိတ်ပြုပြင်တယ်ဆိုပြီး ထက်ထက်ကို ထင်ကြတာရှိတယ်။ အမှန်က ခွဲစိတ်ပြုပြင်တာမျိုး၊ အလှအပနဲ့ပတ်သက်ပြီး ထွေထွေထူးထူး ဂရုစိုက်တာမျိုးတော့ အခုထိ မရှိသေးပါဘူး။ ကလေးမွေးတုန်းကလည်း ခွဲစိတ်မွေးခဲ့တယ်။ နှလုံးကလည်း ခွဲစိတ်ထားတာဆိုတော့ အလှအပအတွက် ထပ်ပြီးခွဲစိတ်ဖို့ဆိုတာ အဆင်မပြေဘူးလေ။ ဝိတ်ချတယ်ဆိုတာကလည်း သဘာဝအတိုင်းပဲချတာပါ။ မိန်းကလေးအများစုက အိမ်ထောင်ကျပြီးလို့ ကိုယ်ဝန်ရှိတယ်ဆိုရင်ကို ဝိတ်က တက်လာကြတာ။ ကလေးမွေးပြီးတဲ့အထိ ဝိတ်က ကျမသွားမှာကို စိတ်ပူနေကြတယ်။ အမှန်က ကလေး တစ်နှစ်နဲ့ရှစ်လလောက်ဆိုရင် ကိုယ်ထဲမှာရှိတဲ့ ကိုယ်ဝန်ဆိပ်ရည်တွေက ကုန်သွားမယ်လို့ ဆရာဝန်က ပြောပါတယ်။ ထက်ထက်လည်း အစကစိုးရိမ်တယ်။ ခန္ဓာကိုယ်ကလည်း မြင်တဲ့အတိုင်းပဲ ဝလာတော့ ဝိတ်မကျရင် ခွဲစိတ်ရမလားဆိုပြီး စဉ်းစားနေသေးတယ်။ ဒါပေမယ့် လည်ပင်းကလည်း ခွဲစိတ်ထားသေးတာရှိတော့ မလုပ်ဖြစ်ခဲ့ဘူး။ နောက်ပိုင်း အစားအသောက်ကို ထိန်းချုပ်တယ်။ ပေါ့ပေါ့ပါးပါး လေ့ကျင့်ခန်းတွေကို ပုံမှန်လုပ်တယ်။ အရင်က ပေါင် ၁၅၀ ကျော်ပေမယ့် အခုတော့ ၁၂၅ ပေါင်လောက်ကို ထိန်းထားနိုင်လာတယ်။

**မေး ။ အခုနောက်ပိုင်းမှာ အသက်အရွယ် ရလာတဲ့ အနုပညာရှင်အချို့ရော အနုပညာရှင်တက်သစ်စတွေကပါ ပလတ်စတစ်ဆာဂျရီ လုပ်တာတွေ ခေတ်စားလာတယ်။ အဲဒီအပေါ်မှာ ထက်ထက်မိုးဦးရဲ့ အမြင်ကိုလည်းပြောပေးပါဦး။**

ဖြေ ။ မလိုအပ်ဘဲတော့ မလုပ်သင့်ဘူးလို့ ထင်ပါတယ်။ အနုပညာရှင်အများစုဟာ ဆွဲဆောင်မှုရှိလို့၊ ရုပ်အခံရှိလို့ ဖြစ်လာကြတာများတယ်လေ။ ခွဲစိတ်ပြုပြင်လိုက်ပြီး စိတ်တိုင်းမကျဖြစ်လို့ ပြန်ပြင်ရရင် နှစ်ခါနာမှာပေါ့။ အရွယ်ဆိုတာကလည်း ငြင်းဆန်လို့မရတဲ့သဘောတော့ ရှိပါတယ်။ ဒါပေမယ့် လူတိုင်းကတော့ ငယ်ရွယ်နုပျိုချင်ကြတာ သဘာဝပဲလေ။ ထက်ထက်ကတော့ လက်ရှိမှာ အဲဒီလိုလုပ်ဖို့ သတ္တိမရှိသေးဘူး။ အသက်ကရလာတော့ ငြင်းလို့မရတဲ့ အရေးအကြောင်းတွေ၊ အထူးသဖြင့် မျက်လုံး မျက်ရစ်တွေ ကျကုန်ပြီ။ ငယ်ငယ်ကလို တင်းတင်းရင်းရင်း မရှိတော့ဘူး။ ပြန်တင်းရင်းအောင် လုပ်ချင်စိတ်ကတော့ရှိတယ်။

> ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်သူတွေက အခုလက်ရှိရော သံသရာအတွက်ပါ စိတ်ချရမယ်လို့ ယုံကြည်ပါတယ်။ လက်ရှိမှာတော့ ပဋ္ဌာန်းအဓိဋ္ဌာန် ဝင်နေတယ်။ အရင်ကတည်းကလည်း လုပ်နေကျပါ။ သက်သတ်လွတ်စားတာ၊ ကျောင်းဆောက်တာလည်း လုပ်နေတယ်။

**မေး ။ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ရော လက်ရှိကုသိုလ်လုပ်ဖြစ်နေတာတွေ ရှိတယ်နော်။**

ဖြေ ။ အနန္တောအနန္တ ငါးပါး ယုံကြည်ကိုးကွယ်မှုနဲ့ ဘုရားကို အချိန်ပြည့်နီးပါး အာရုံပြုနိုင်အောင် ကြိုးပမ်းနေပါတယ်။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူတွေက အခုလက်ရှိရော သံသရာအတွက်ပါ စိတ်ချ ရမယ်လို့ ယုံကြည်ပါတယ်။ လက်ရှိမှာတော့ ပဋ္ဌာန်းအဓိဋ္ဌာန်ဝင်နေတယ်။ အရင်ကတည်းကလည်း လုပ်နေကျပါ။ သက်သတ်လွတ်စားတာ၊ ကျောင်းဆောက်တာလည်း လုပ်နေတယ်။ ထန်းမနိုင်မှာ အစိုးရကျောင်း တစ်ကျောင်းကို ပြုပြင်ဖို့ရှိတယ်။ အဲဒီကျောင်းက ကလေးတွေက မြေကြီးမှာ ချပြီး စာရေးနေတာတွေတွေ့ရလို့ မြေခြောက်ကေဝယ်ပြီး သုံးကေကို ကျောင်းဆောက်၊ ကျန်တာကို ဒီအတိုင်းလှူထားတယ်။

**မေး ။ တစ်ချိန်တုန်းကရော အခုထိရော ထက်ထက်မိုးဦးဆိုတာ ပရိသတ်ရဲ့ အချစ်တော် အနုပညာရှင်တစ်ယောက်ဖြစ်တယ်။ အရင်က အောင်မြင်မှုတွေ အကြာကြီးသိမ်းပိုက်ထားပြီး စိတ်ပိုင်းဆိုင်ရာလည်း ထက်မြက်သူတစ်ယောက်လို့ နာမည်ကြီးခဲ့တယ်။ အခု အချိန်မှာရော။**

ဖြေ ။ တစ်ချိန်က အသက် ၂၀ နဲ့ ၃၀ ကြားကာလတွေပေါ့။ ထက်ထက်အလုပ်လုပ်နိုင်တဲ့ အချိန်လည်းဖြစ်တယ်။ အလုပ်အတွက် ၁၀၀ ရာခိုင်နှုန်းကိုလည်း အင်တိုက်အားတိုက်လုပ်တယ်။ ဘာဖြစ်လို့လဲဆိုရင် ကံတရားကလည်း မျက်နှာသာပေးတယ်။ ထက်ထက်မိုးဦးဆိုတာ ကျောထောက်နောက်ခံ ကောင်းခဲ့သူမဟုတ်ပါဘူး။ ဆင်းရဲခဲ့ဖူးတယ်။ မိန်းမဆိုပေမယ့် ကိုယ်ကြိုးစားမှ ကိုယ်ရမယ့်ဘဝ၊ ကိုယ့်ဘာသာကိုယ် ထူထောင်ခဲ့ရဖူးတယ်။

ငယ်ငယ်ကလည်း ပညာကို ဆုံးခန်းတိုင်အောင် မသင်ခဲ့ရဘူး။ ဒါက ကိုယ့်စိတ်ထဲမှာ သိနေတာပေါ့။ ငါမိုက်လို့မရဘူးဆိုတဲ့အသိကတော့ ရှိတယ်။ ငါရှာနိုင်မှ ဖြစ်မယ်ဆိုတဲ့ အတွေးတွေ၊ ဒုက္ခရောက်မှာကို ကြောက်တဲ့ အတွေး၊ ကိုယ်တိုင်ကလည်း အမှောင်ထဲက လာခဲ့သလိုမျိုး ခံစားချက်ရှိတယ်။ စိတ်ကယောက်ကယက်ခတ်နေတတ်တယ်။

ဒါပေမယ့် အဲဒီအချိန် တစ်လျှောက် ဘယ်လိုအမှားတွေပဲ လုပ်ဖြစ်နေနေ ဘုရားတရားကို လုံးဝမမေ့ဘူး။ အဲလိုအချိန်မှာ ဘုရားအလုပ်ကို ပိုဖိလုပ်ဖြစ်တယ်။ တရားတွေ ပိုနာတယ်။ ဒါကြောင့်လည်း အခုအချိန်မှာ အေးချမ်းမှုကို ရလာတယ်လို့ထင်မိတယ်။ မိသားစုနဲ့အတူတူ အေးအေးချမ်းချမ်း ဖြတ်သန်းခွင့်၊ ဘာသာတရား အဆုံးအမနဲ့ နေထိုင်ခွင့်ရတာတွေက ဘဝကနေပေးတဲ့ သင်ခန်းစာတွေရဲ့ အမြတ်တွေလို့ ထင်ပါတယ်။ ။

# ရုပ်ရှင်ကားကြီးနှစ်ကားမှာ သရုပ်ဆောင်ထားတဲ့ မိုးစက်ဝိုင်

NZA



မယ်စကြဝဠာ (Miss Universe) ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံမှ အလှမယ် မိုးစက်ဝိုင်က ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မိုးစက်ဝိုင်သည် လတ်တလောအနေဖြင့် ပက်ပက်စက်စက်ညှို့နှင့် သတ္တိရှိရင်လောင်းမလား ရုပ်ရှင်ကားကြီးနှစ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည်။ မိုးစက်ဝိုင်နှင့် တွေ့ဆုံခိုက်မေးမြန်းဖြစ်ခဲ့သည်များကို တင်ပြလိုက်ပါသည်။

**မိုးစက်ဝိုင်ရဲ့လတ်တလော အနုပညာလှုပ်ရှားမှု။**

အနုပညာနဲ့ပတ်သက်လို့ လောလောဆယ်တော့ ဘာမှလုပ်ဖို့အစီအစဉ် မရှိသေးပါဘူး။ ခရီးသွားအစီအစဉ်ရိုက်ဖို့ ပြောထားတာပဲရှိပါတယ်။

**မိုးရာသီမှာဘယ်လိုဖက်ရှင်တွေ ဝတ်ဆင်ဖြစ်လဲ။**

မိုးရာသီမှာ ရေစိုပြီးရင် မြန်မြန်ခြောက်လွယ်တဲ့ အဝတ်အစားတွေဝတ်ဖြစ်တယ်။ ဖိနပ်က မိုးရာသီဆိုတော့ ရော်ဘာဖိနပ်မျိုးဝတ်ဖြစ်တယ်။ Walking Shoe လည်း မိုးတွင်းမှာ ဝတ်ဖြစ်တယ်။

**မကြာခင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထွက်ထားတော့ စာမေးပွဲအောင်မြင်သူတွေနဲ့ မအောင်မြင်သူတွေအတွက် ဘာများပြောလိုပါလဲ။**

တက္ကသိုလ်ဝင်စာမေးပွဲက အလွန်ဖိအား (Stress)များတယ်။ မိဘတွေကလည်း ဒါကို အလွန်အလေးထားကြတယ်။ မိုးစက်တုန်းကလည်း Stress တွေကြောင့်မို့ ရောက်သင့်သလောက် မရောက်ခဲ့ဘူးပေါ့နော်။ ပြောရမယ်ဆိုရင် တက္ကသိုလ်ဝင်စာမေးပွဲမအောင်ရင် ဘဝရဲ့မှတ်တိုင်တစ်ခု မရောက်သေးဘူးပေါ့နော်။ ဒီနှစ်မှာ မအောင်ခဲ့ရင်လည်း ဆက်ကြိုးစားပါလို့ ပြောချင်ပါတယ်။ အဓိကကတော့ ဆက်သွားနေဖို့လိုတယ်။ အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေပေါ့နော်။ အဓိကကတော့ ကိုယ့်ရဲ့ဉာဏ်ပညာမြင့်မားဖို့ စာအုပ်တွေဖတ်မယ်၊ ဗဟုသုတတွေ တိုးအောင်လုပ်မယ်။ စာမေးပွဲအောင်တယ်ဆိုတာလည်း ကိုယ့်မိဘတွေကို ကျေးဇူးဆပ်ရာရောက်ပါတယ်။ ဒါ့ကြောင့် မိဘတွေလည်း ကျေနပ်မှုတစ်ခုရအောင် စာမေးပွဲကို အောင်မြင်အောင် ကြိုးစားသင့်ပါတယ်။ အောင်သွားတဲ့သူတွေကိုလည်း ဂုဏ်ပြုပါတယ်။ သူတို့အတွက် ဝမ်းသာပါတယ်။ တခြားလျှောက်လှမ်းရမယ့် ဘဝခရီးအတွက်လည်း ဆက်လက်ကြိုးစားပါ၊ အားပေးပါတယ်လို့ ပြောချင်ပါတယ်။

**လူမှုရေးအလုပ်ဖြစ်တဲ့ ပရဟိတအလုပ်တွေလုပ်ဖြစ်လား။**

လူမှုရေးအလုပ်တွေကတော့ လုပ်ဖြစ်ပါတယ်။ မိုးစက်မွေးနေ့တုန်းက မြန်မာ့နှလုံးသားအသင်းနဲ့ အလှူတွေ၊ ပရဟိတအလုပ်တွေ လုပ်ဖြစ်ပါတယ်။ HIV Care ကို သွားရောက်လှူဒါန်းတယ်။ နောက်တစ်ခုအနေနဲ့ မိုးစက်က မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှာ ပါထားတယ်။ သူတို့နဲ့အတူတူ လှုပ်ရှားမှုခရီးတွေမှာ လိုက်ပါနေပါတယ်။ Amazing Cities ရိုက်တဲ့အချိန်မှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ပိုသိလာတယ်။

**မိုးစက်က တိရစ္ဆာန်ချစ်တတ်ပုံရတယ်၊ မိုးစက်မွေးထားတဲ့ ခွေးလေးအကြောင်း facebook မှာ မကြာခဏတွေ့ရတယ်။**

ခွေးကတော့ ငယ်ငယ်ကတည်းကချစ်ပါတယ်။ ငယ်ငယ်ကတည်းက မွေးချင်နေတာ။ ခွေးက အခုတစ်ကောင်တည်းတောင် မဟုတ်တော့ဘူး။ နှစ်ကောင် ဖြစ်သွားပြီ။ အင်းခွေးတစ်ကောင် ထပ်မွေးထားတယ်။ တစ်ကောင်က ခြံထဲမှာနေတယ်၊ တစ်ကောင်ကတော့ အိမ်ထဲမှာပဲနေတယ်။ အင်းခွေးကတော့ နည်းနည်းဆိုးတယ်၊ ဒါပေမယ့် မိုးစက်စကားတော့ နားထောင်ပါတယ်။

**ပရိသတ်တွေကို အနုပညာနဲ့ ပတ်သက်ပြီးဘာများပြောချင်ပါလဲ။**

အနုပညာနဲ့ပတ်သက်လို့ မိုးစက်လည်း ရင်ခုန်စွာနဲ့ ပက်ပက်စက်စက်ညှို့ကိုပဲ စောင့်နေပါတယ်လို့။ မိုးစက်ရဲ့နောက်တစ်ကားဖြစ်တဲ့ သတ္တိရှိရင်လောင်းမလားပေါ့။ အဲဒါလည်း ရုပ်ရှင်ကားကြီးပါပဲ။ အဲ့ဒီရုပ်ရှင်ကားကြီးနှစ်ကား ထွက်ဖို့ရှိပါတယ်။ ထွက်လာရင်လည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

# ယုံကြည်မှုတည်ဆောက်နေသည့် ကော်နီ

............... ဝေလင်း ...........

၂၀၁၀ ပြည့်နှစ်ကတည်းက အစပျိုးနေခဲ့သည့် တစ်ကိုယ်တော်အခွေအတွက် ပြန်လည်ဆန်းသစ်မှုများ ပြုလုပ်နေပြီး နှစ် ၅၀ ပြည့် ဂီတအခွေကို ယခုနှစ်ကုန်တွင် ထွက်ရှိနိုင်ရန် ရည်ရွယ်ထားကြောင်း တေးသံရှင်ကော်နီက ပြောကြားသည်။

ကော်နီ၏ လက်ရှိဖြတ်သန်းမှုများတွင် ဂီတထက် အသက် ၈၀ကျော်အမေအား ပြုစုနေခြင်းဖြင့်သာ အချိန်များစွာ ကုန်လွန်နေပြီး ဂီတအတွက် ရရှိသည့် အချိန် အနည်းငယ်ထဲမှ ဖဲ့ယူသုံးစွဲနေရခြင်းဖြစ်သည်ဟု ကော်နီက ဆိုသည်။

"မကော်တို့မှာ မိသားစုဆိုလို့ အမေ အသက် ၈၃နှစ်ကျော်ရယ်၊ အိမ်မှာ မွေးထားတဲ့ ကြောင်လေးတွေရယ်ပဲ ရှိတယ်။ ကိုယ်ကိုယ်တိုင်လည်း တစ်ကိုယ်တည်းသမားမို့ တွယ်တာစရာ အမေနဲ့ ကြောင်လေးတွေပဲရှိတာ။ ဒါကြောင့် အချိန်အတော်များများက သူတို့အတွက်ဖြစ်နေတယ်။ သီချင်းဆိုတာအတွက်ကလည်း ရန်ကုန်ပွဲလောက်ပဲ ဆိုလို့ရတယ်။ အမေ့ကိုထားခဲ့ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ ဂီတအလုပ်တွေကို စိတ်ထဲရှိသလောက်တော့ မလုပ်နိုင်ဘူး။ နယ်ခရီးဆိုရင် လုံးဝကို မသွားဖြစ်တော့တာ အတော်ကြာနေပြီ။ ပရိသတ်အတွက် ဒီနှစ်ကုန်တော့ အခုလုပ်နေတဲ့အခွေလေးကို အပြီးသတ်ပြင်ဆင်ပြီး ထုတ်ချင်တယ်။ သီချင်းတွေလည်း သေသေချာချာ ရွေးနေပါတယ်။ မကြာသေးခင်က နှစ်၃၀ပြည့် လုပ်ခဲ့တယ်။ ဒီတစ်ခါ ဂီတဖျော်ဖြေပွဲကိုကျွန်မ နှစ် ၅၀ပြည့်အနေနဲ့ တစ်ကိုယ်တော်အခွေလုပ်ပြီးတော့မှပဲလုပ်ဖို့ ရည်ရွယ်ထားတယ်။ လက်ရှိထုတ်မယ့် အခွေမှာ သီချင်းတွေကိုလည်း အသစ်တွေချည်း ဖန်တီးမှာပါ။ အသက်ကလည်း ဒီ့ထက်မကြီးခင်လုပ်သွားရမယ်"ဟုဂီတနှင့်ပတ်သက်သည့်လှုပ်ရှားမှုကိုပြောပြသည်။

အနုပညာနှင့် ပတ်သက်၍ အခြားသူများ ဖန်တီးနေကြသည့် အနုပညာများကိုသာ လက်ရှိတွင် အားပေးနေရပြီး ကိုယ်တိုင်လည်း အနုပညာအပေါ် တန်ဖိုးထားကြောင်း၊ငယ်စဉ်ကဂီတပညာရှင်များ၏ သွန်သင် ဆုံးမလမ်းပြမှုများကြောင့် ကြီးပြင်းခဲ့သည့် ဘဝအနုပညာခရီး တစ်လျှောက်တွင် အနု ပညာအပေါ် ထာဝရ တန်ဖိုးထား လေးစား နေမည် ဖြစ်ကြောင်း ကော်နီက ဆိုသည်။

ရှေ့ဆက်လျှောက်မယ့် ခရီး အကြောင်းကတော့ အများကြီး စဉ်းစားထားတာ မရှိပါဘူး။ အသက်ကြီးရင် တရားအသိနဲ့ နေထိုင်နိုင်အောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တည်ဆောက်ရမယ်။ ပရဟိတ အလုပ်တွေကို နိုင် သလောက် လုပ်တယ်။ လောကဓံကိုခံနိုင်ရည် ရှိအောင် ကြိုးစားတယ်။ လောက အလယ်မှာပဲ ထိုက်သင့်တဲ့ ဘာသာရေး အသိအမြင်တွေနဲ့ အေးချမ်းအောင် နေထိုင်ဖို့တော့ ရည်ရွယ် ထားတယ်"ဟု တေးသံရှင် ကော်နီက လက်ရှိ အတွေးအမြင် အချို့ကို မျှဝေခဲ့သည်။



# အိမ်ထောင်ရေး "ကံ"ကောင်းသည်ဟု ဆိုလာသူ မယ်လိုဒီ

အနုပညာလောကတွင် သရုပ်ဆောင်ပိုင်းအပြင် အဆိုပိုင်းကိုပါ ကျွမ်းကျင်ပိုင်နိုင်စွာ သီဆိုတတ်သူ အကယ်ဒမီ မယ်လိုဒီက သူချစ်သည့် သရုပ်ဆောင်အလုပ်ကို ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ကိုယ်ကာယလေ့ကျင့်မှုများနှင့် လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်နေပြီး ဖန်သားပြင်ပေါ်တွင် ပြန်လည်နေရာယူလာတော့မည် ဖြစ်သည်။

မယ်လိုဒီက ရုပ်ရှင်ကားကြီး သုံးကားကို ရိုက်ကူးရန်အတွက် ပြင်ဆင်နေပြီး လတ်တလောတွင် ဇာတ်ကားအတွက် ဇာတ်ညွှန်းမရရှိသေးသဖြင့် ဝတ်စားဆင်ယင်မှုအပိုင်း ပြင်ဆင်မှုမျိုးမလုပ်ရသေးသော်လည်း ဝိတ်မတက်စေရန် လေ့ကျင့်ခန်းများနှင့် အစားအသောက်များကို ထိန်းသိမ်းစားသောက်နေကြောင်း သိရသည် ။



"ကျွန်မရဲ့ဆရာက ဇာတ်ကားတွေပြန်လည်ရိုက်ကူးဖို့အတွက် ပြောဆိုထားတာတွေရှိပါတယ်။ ဇာတ်ရဲ့ပုံစံတော့ မသိရသေးလို့ သေချာတော့မပြောရဲသေးပါဘူး။ အရင်ကလဲ ဆရာသမား ကျေးဇူးကြောင့် အကယ်ဒမီဆုရခဲ့တာဆိုတော့ ပြန်ရိုက်ဖို့ ပြင်ဆင်နေတာပါ။ ပရိသတ်တွေကလည်း ဇာတ်ကားတွေ ပြန်ရိုက်သင့်ပြီလို့ တောင်းဆိုကြတာတွေ ရှိပါတယ်။ ကျွန်မဘက်က အိမ်ထောင်ကျသွားတော့ ကိုယ့်ဆန္ဒက သရုပ်ဆောင် အလုပ်ကိုလုပ်ချင်ပေမယ့် ကိုယ့်ရဲ့ခင်ပွန်းနဲ့ မိသားစုကိုပြန်ကြည့်ရသေးတယ်။ ဒါကြောင့် ခဏနားပြီး မိသားစုအတွက် အချိန်ပေးလိုက်တာပါ။ အခုတော့ ကျွန်မသားလေးကလဲ နည်းနည်းလက်လွှတ်လို့ရတဲ့ အနေအထားရှိလာတော့ ပြန်ပြီးအနုပညာအလုပ်ကို လုပ်ကိုင်သွားဖို့ ရည်ရွယ်တာပါ"ဟုပြောသည်။ မယ်လိုဒီအနေဖြင့် မိဘဖြစ်လာချိန်တွင် မိဘတို့၏ ဘဝကို ပိုမိုနားလည်လာ တတ်ခဲ့ပြီး ကံကောင်းစွာ အိမ်ထောင်ဖက်၏ ကူညီမှုနှင့် စာနာနားလည်မှု၊ သည်းခံ တတ်မှုတို့ကြောင့် အိမ်ထောင်ရေးအပေါ် ကျေနပ်မိကြောင်း၊ အနုပညာရှင်တစ်ယောက် အနေဖြင့်ရော၊ သားသည်မိခင်အနေဖြင့်ပါ အနုပညာအပေါ် ခံစားရာတွင် ပိုမိုခံစားတတ်လာမည်ဟု ယုံကြည်ကြောင်း၊ ပရိသတ်ကြီးအနေဖြင့် မကြာမီ ပြန်လည်ရိုက်ကူး တော့မည့် သရုပ်ဆောင်မှုများကို ဝေဖန်ပေးကြရန်လည်း ဆန္ဒပြုကြောင်း မယ်လိုဒီက ပြောကြားသည်။ **ကိုလင်း**

# အာဆီယံ+၃ အရေးပေါ် ဆန်အရန်ရိက္ခာ ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသော ဆန်တန်ချိန် ၅၀၀ ရောက်ရှိ



**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံအတွင်း သဘာဝဘေး အန္တရာယ်ကျရောက်သည့် ဒေသများ အတွက် ထောက်ပံ့ပေးအပ်ရန် ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသည့် ဆန်တန်ချိန် ၅၀၀ ကို ပင်လယ်ရေကြောင်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ဇွန်လ ဒုတိယပတ်က ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးခြင်း မြေပြိုခြင်း၊ မိုးခေါင် ခြင်း၊ လေပြင်းမုန်တိုင်း အစရှိသော ဘေးအန္တရာယ်များနှင့် တွေ့ကြုံရင်ဆိုင်နေရသော နိုင်ငံတစ်ခုဖြစ်သည်။ အာဆီယံ+၃ အရေးပေါ်ဆန်အရန် ရိက္ခာအဖွဲ့ထံ မိမိနိုင်ငံက အရေးပေါ်ထောက်ပံ့မည့်ဆန်များ ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသည့် ဆန်တန်ချိန် ၅၀၀ ကို ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သဖြင့် စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်သိုလှောင်ရုံ၌ စနစ်တကျ သိုလှောင်ထားရှိမှုကို ဇွန် ၂၄ ရက်က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

"မြန်မာနိုင်ငံက အာဆီယံဒေသတွင်း နိုင်ငံတစ်ခုဖြစ်တဲ့အတွက် အာဆီယံ+၃ အရေးပေါ်ဆန်အရန်ရိက္ခာအဖွဲ့ကို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သဘာဝဘေးဖြစ်ပေါ်တဲ့ ဒေသတွေအတွက် ဆန်ထောက်ပံ့ပေးနိုင်ဖို့ကို လျှောက်ထားခဲ့ပါတယ်။ အဲဒီမှာ အဖွဲ့ဝင်တွေရဲ့ထောက်ခံချက်အရ မြန်မာနိုင်ငံအတွက် ဆန်ထောက်ပံ့ပေးမှု တန်ချိန် ၅၀၀ ကိုရရှိခဲ့ပါတယ်။ အဖွဲ့ရဲ့ စည်းကမ်းသတ်မှတ်ချက်အရ သဘာဝဘေးဖြစ်ပေါ်တဲ့ဒေသတစ်ခုကို ထောက်ပံ့မယ်ဆိုရင် ဆန်တန်ချိန် ၅၀ အထက်ထောက်ပံ့ရမယ် ဆိုရင် အာဆီယံ+၃ အဖွဲ့ဝင်တွေရဲ့ ထောက်ခံချက်ကိုရယူရပါတယ်။ တကယ်လို့ တန်ချိန် ၅၀ အောက်ဆိုရင်တော့ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်တာနဲ့အညီ ဗန်ကောက်မှာဖွင့်ထားတဲ့ရုံးက ထောက်ခံပေးတာနဲ့တင် ထောက်ပံ့လို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ခုရောက်ရှိလာတဲ့ ဆန်တန်ချိန် ၅၀၀ ကို နောက်ထပ် သဘာဝဘေးတစ်ခုခုနဲ့ ဖြစ်ပေါ်တဲ့ဒေသတွေရှိခဲ့ရင် အဲဒီအတွက် ထောက်ပံ့ပေးဖို့ သိုလှောင်ထားတာပါ။ တကယ်လို့မှ တစ်နှစ်အတွင်းမှာ အဲဒီဆန်တွေ ထောက်ပံ့ပေးလို့ ပိုနေသေးတယ်ဆိုရင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေမှာ ပြန်လည်အသုံးပြုလို့ရပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုကပြောသည်။

အာဆီယံ+၃ အရေးပေါ် ဆန်အရန်ရိက္ခာအဖွဲ့အနေဖြင့် ဒေသတွင်းနိုင်ငံများ၌ လူမှုရေး စာနာထောက်မှုအနေဖြင့် ထောက်ပံ့ပေးမှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်ရာတွင် အခြားနိုင်ငံများသို့လည်း ထောက်ပံ့ပေးအပ်မှုများရှိရာ ပွင့်လင်းမြင်သာလာသည့် အခြေအနေအရ မြန်မာနိုင်ငံအတွက် သဘာဝဘေး စာနာထောက်ထားမှုအရ ဦးစားပေး အဆင့်အနေဖြင့် ဆန်တန်ချိန် ၅၀၀ ကို အများဆုံးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မိတ္ထီလာကန်ပေါင်နှင့် လှိုင်းကာကျောက်ရိုးစီလုပ်ငန်းပြီးစီး၍ ရေပိုမိုသိုလှောင်နိုင်တော့မည်

**မိတ္ထီလာ ဇွန် ၃၀**

မိတ္ထီလာ(တောင်)ကန်အတွင်း စိုက်ပျိုးရေပမာဏ ပိုမိုသိုလှောင်နိုင်ရန်နှင့် ကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပပြီး ကန်အတွင်းသို့ ရေဆိုးများဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် တာပေါင်မြှင့်တင်ခြင်းနှင့် ရေလှိုင်းကာကျောက်ရိုးစီခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ မိုးရာသီကာလတွင် ကန်အတွင်း ရေပမာဏမြင့်တက်လာပါက တာပေါင်ကိုကျော်၍ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြင်ပမှရေဆိုးများ ရေကန် အတွင်းသို့ ဝင်ရောက်မှုမရှိစေရန်လည်း ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။

ကန်ပေါင်အဆင့်မြှင့်တင်ခြင်းကြောင့် ကန်အတွင်း စိုက်ပျိုးရေများ ပိုမိုသိုလှောင်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

မိတ္ထီလာ(တောင်)ကန်အတွင်းရေလှောင်ပမာဏ ပိုမိုသိုလှောင်နိုင်ရန်အတွက် ကန်အတွင်း၌ သဲနုန်းများပို့ချ၍ ဖြစ်ပေါ်နေသော ကျွန်းခုံများကို စက်ယန္တရားများဖြင့် တူးဖော်ခြင်း၊ လက်ရှိနိမ့်ကျနေသော ကန်ပေါင်ပတ်လည် ကို တာဖို့မြှင့်တင်ခြင်းနှင့် ကန်ပေါင်တောင့်တင်းခိုင်မာစေရန်ဆောင်ရွက်ခြင်း တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကြီးကြပ်၍ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် မင်းမြတ်စံကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ယခုအခါ နိမ့်ကျနေသော ကန်ပေါင် အလျားပေ ၄၄၀၀ ကို အမြင့်၁၀ပေ၊ ထိပ်ပြင်အကျယ် ပေ ၅၀ အထိ မြှင့်တင်ခြင်းနှင့် ကန်ပေါင်ခိုင်ခံ့အောင် ပြုပြင်ခြင်း၊ ရေလှိုင်းကာကျောက်ရိုးစီခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**သရက် ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၇ ရက်က ရေပေါ်ကျွန်းကျေးရွာ ရွာတောင်ကြားလမ်း ရေဆိပ်၌ ရေပြင် အသက်ကယ်ခြင်း သရုပ်ပြခြင်းကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**



ထို့နောက် ကျေးရွာဘုန်းကြီးကျောင်း၌ အသိပညာပေးဟောပြောရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်စိုးဝင်းက ရေဘေးဖြစ်ပွားလာပါက ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရှောင်ရှားသင့်သည့် အချက်များကို ပြောကြားပေးခဲ့သည်။ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းတင်က ရေကြီးခြင်းနှင့် တွေ့ကြုံလာပါက ကယ်ဆယ်ရေးလုပ်ငန်းများအဖြစ် ရေပြင်အသက်ကယ်ခြင်း သရုပ်ပြခြင်းနှင့် အရေးကြုံလာပါက ရေကင်းလွတ်သည့်နေရာသို့ ပြောင်းရွှေ့နိုင်ရေးလုပ်ငန်းများကို ပူးပေါင်းသရုပ်ပြဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇာခြည်ဝင်းက မြစ်ရေမြင့်တက်လာပါက ရေလွတ်ရွာသို့ ပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုဝင်များအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ စာရင်းအမှန်ပေးသွင်းကြ ရန် ပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ မြစ်ရေမြင့်တက်လာပါက ရေကင်းလွတ်သည့်နေရာသို့ ပြောင်းရွှေ့နိုင်ရေးသရုပ်ပြခြင်းလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမယ့် ဥရောပယူ - ၁၉ ချန်ပီယံရှစ်

ဝေမိုးဆက်

လက်ရှိအချိန်မှာ ကလပ်အသင်းပြိုင်ပွဲတွေ ရပ်နားထားပေမယ့် ဘောလုံးလောကကတော့ ငြိမ်သက်နေခြင်းမရှိဘဲ ရုရှားနိုင်ငံမှာ ကျင်းပပြုလုပ်နေတဲ့ ၂၀၁၇ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲနဲ့ ပိုလန်နိုင်ငံမှာကျင်းပပြုလုပ်နေတဲ့ ဥရောပယူ-၂၁ ချန်ပီယံ ရှစ်ပြိုင်ပွဲတွေကြောင့် လှုပ်ခတ်မှုအားကောင်းနေဆဲဖြစ်ပြီး စိတ်ဝင်စားဖို့လည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် အဆိုပါ ပြိုင်ပွဲ တွေဟာ လက်ရှိအချိန်မှာ ပြီးဆုံးတော့မှာဖြစ်သလို အခုအချိန်မှာဆိုရင် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဟာ ဆီမီးဖိုင်နယ်ပွဲတွေကိုတောင် ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်သလို ဥရောပ ယူ-၂၁ ပြိုင်ပွဲဆိုရင်လည်း ဒီနေ့ညမှာပဲ ဗိုလ်လုပွဲကို ကျင်းပသွားတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာလည်း ဥရောပတစ်လွှားက ကလပ်အသင်းကြီးအများစုဟာ ခြေစမ်းပွဲတွေယှဉ်ပြိုင်ကစားခြင်း မရှိသေးတာကြောင့် ဘောလုံးလောကဟာ အနည်းငယ်အေးစက်သွားမယ့် အခြေအနေမှာ ရှိနေပေမယ့်လည်း လာမယ့်ဇူလိုင်လ ၂ ရက်နေ့မှာ စတင်ကျင်းပတော့မယ့် ပြိုင်ပွဲတစ်ခုကြောင့် ဥရောပဘောလုံးလောကဟာ လုံးလုံးလျားလျား ရပ်တန့်ငြိမ်သက်သွားမယ့် အခြေအနေမှာတော့မရှိဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။




| ၂၀၁၇ ဥရောပယူ-၁၉ ပြိုင်ပွဲ | |
|---|---|
| အုပ်စု(က) | အုပ်စု(ခ) |
| ဂျော်ဂျီယာ | ဂျာမနီ |
| ချက် | အင်္ဂလန် |
| ဆွီဒင် | ဘူဂေးရီးယား |
| ပေါ်တူဂီ | ဟော်လန် |

အထူးသဖြင့် ဂျော်ဂျီယာနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် အဆိုပါပြိုင်ပွဲဟာ ဥရောပယူ-၁၉ ပြိုင်ပွဲဖြစ်တာကြောင့် ဒီပြိုင်ပွဲဟာ သက်ဆိုင်ရာအသင်းတွေရဲ့ ဘောလုံးမျိုးဆက်ကို ခန့်မှန်းနိုင်မယ့် ပြိုင်ပွဲဖြစ်သလို ခြေစွမ်းထက်တဲ့လူငယ်ကစားသမားတွေကို ပြုစုပျိုးထောင်ကာ ထိပ်တန်းဘောလုံးသမားတွေဖြစ်လာအောင် မြေတောင်မြှောက်ပေးလိုတဲ့ ကလပ်အသင်းတွေအတွက်လည်း စောင့်ကြည့်ရမယ့် ပြိုင်ပွဲတစ်ခုဖြစ်နေတာကြောင့် ဒီပြိုင်ပွဲဟာ လူငယ်ပြိုင်ပွဲတစ်ရပ်ဖြစ်နေပေမယ့်လည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်ယူ-၂၀ အသင်းဟာ ချန်ပီယံဆုကို ရယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းထက်မြက်ခဲ့သလို ဥရောပယူ-၂၁ ပြိုင်ပွဲအတွင်းမှာလည်း အင်္ဂလန်ယူ-၂၁ အသင်းဟာ ထက်မြက်တဲ့ခြေစွမ်းတွေကို ပြသနိုင်ခဲ့တာကြောင့် လက်ရှိအင်္ဂလန်ရဲ့ ဘောလုံးမျိုးဆက်ဟာ စိတ်ဝင်စားဖို့ကောင်းနေသလို ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အင်္ဂလန် ယူ-၁၉ အသင်းကိုလည်း အင်္ဂလန်ရဲ့နောက်ထပ်မျိုးဆက်တစ်ခုအဖြစ် ဆက်လက်စောင့်ကြည့်ရဖို့ရှိနေတဲ့အတွက် ဒီပြိုင်ပွဲဟာ ပိုမိုစိတ်ဝင်စားဖို့ကောင်းလာပါတယ်။

တကယ်တော့ ဒီပြိုင်ပွဲဟာ သက်တမ်းရင့်ပြိုင်ပွဲတစ်ခုလို့ ဆိုနိုင်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို အရင်ကတော့ဖီဖာက ဦးဆောင်ကျင်းပခဲ့တာဖြစ်ပြီး ဖီဖာလူငယ်ပြိုင်ပွဲအဖြစ် ၁၉၄၈ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၅၇ ခုနှစ်မှာတော့ ဒီပြိုင်ပွဲကို ဥရောပဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပခဲ့ပြီး ပြိုင်ပွဲအမည်ကိုလည်း ဥရောပလူငယ်ပြိုင်ပွဲအဖြစ်သတ်မှတ်ခဲ့ကာ ၁၉၈၀ ပြည့်နှစ်အထိ အဆိုပါအမည်နဲ့ပဲ ပြိုင်ပွဲကျင်းပခဲ့တာဖြစ်ပြီး ၁၉၈၁ ခုနှစ်မှာတော့ ဥရောပ ယူ-၁၈ ချန်ပီယံရှစ်ဆိုတဲ့အမည်နဲ့ ပြောင်းလဲကျင်းပခဲ့ကာ အဆိုပါအမည်နဲ့ ၂၀၀၁ ခုနှစ်အထိ ကျင်းပခဲ့ပြီးမှ ၂၀၀၂ ခုနှစ်မှာမှ လက်ရှိအမည်ဖြစ်တဲ့ ဥရောပယူ-၁၉ ချန်ပီယံရှစ်ဆိုတဲ့အမည်နဲ့ စတင်ပြောင်းလဲ ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကို ဖီဖာကဦးဆောင်ကျင်းပခဲ့တုန်းက ပထမဆုံးဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းကတော့ အင်္ဂလန်ပဲဖြစ်ပါတယ်။ စတင်ကျင်းပတဲ့ အဆိုပါ ၁၉၄၈ ပြိုင်ပွဲမှာ အင်္ဂလန်ဟာ နောက်ဆုံးဗိုလ်လုပွဲမှာ ဟော်လန်ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရဗိုလ်စွဲနိုင်ခဲ့တာဖြစ်ပြီး ဥရောပလူငယ်ပြိုင်ပွဲအဖြစ် ကျင်းပချိန်မှာတော့ ပထမဆုံးဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းက ဩစတြီးယားပဲ ဖြစ်ပါတယ်။ ဩစတြီးယားဟာ ဥရောပလူငယ်ပြိုင်ပွဲအဖြစ် စတင်ကျင်းပခဲ့တဲ့ ၁၉၅၇ ခုနှစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ အိမ်ရှင်စပိန်ကို သုံးဂိုး-နှစ်ဂိုးနဲ့ပဲ အနိုင်ရဗိုလ်စွဲနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၈၁ ခုနှစ်မှာ ဥရောပ ယူ-၁၈ ပြိုင်ပွဲအဖြစ် ပထမဆုံးအကြိမ် ပြောင်းလဲကျင်းပခဲ့တုန်းကတော့ အိမ်ရှင်အနောက်ဂျာမနီဟာ နောက်ဆုံးဗိုလ်လုပွဲမှာ ပိုလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရကာ ပထမဆုံး ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့သလို ဥရောပ ယူ-၁၉ ပြိုင်ပွဲအဖြစ် စတင်ကျင်းပတဲ့ ၂၀၀၂ ခုနှစ် နော်ဝေပြိုင်ပွဲမှာတော့ စပိန်က ဂျာမနီကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရပြီး ပထမဆုံး ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ပါတယ်။

ဒါကြောင့်လည်း လက်ရှိဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ ပထမဆုံး ချန်ပီယံအသင်းဟာ စပိန်လို့ဆိုနိုင်မှာဖြစ်သလို စပိန်ဟာ အဆိုပါ ဥရောပယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲရယ်လို့ အမည်ပြောင်းခဲ့ပြီးတဲ့နောက် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့အသင်းလည်းဖြစ်ပါတယ်။ စပိန်ဟာ ဥရောပ ယူ-၁၉ ပြိုင်ပွဲရယ်လို့အမည်ပြောင်းခဲ့တဲ့ ပထမဆုံးပြိုင်ပွဲမှာတင် စတင်ဗိုလ်စွဲနိုင်ခဲ့သလို ၂၀၀၄ ဆွစ်ဇာလန်ပြိုင်ပွဲ၊ ၂၀၀၆ ပိုလန်ပြိုင်ပွဲ၊ ၂၀၀၇ ဩစတြီးယားပြိုင်ပွဲ၊ ၂၀၁၁ ရိုမေးနီးယားပြိုင်ပွဲ၊ ၂၀၁၂ အက်စ်တိုးနီးယားပြိုင်ပွဲနဲ့ ၂၀၁၅ ဂရိပြိုင်ပွဲတွေမှာလည်း ထပ်မံဗိုလ်စွဲနိုင်ခဲ့ကာ ချန်ပီယံဆုကို ၇ ကြိမ်ရယူနိုင်ခဲ့တာကြောင့် ဥရောပယူ-၁၉ ပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် စပိန်ဟာ ဖီဖာကဦးဆောင်ကျင်းပတဲ့ ဖီဖာလူငယ်ပြိုင်ပွဲကနေ စတင်သုံးသပ်ကြည့်မယ်ဆိုရင်လည်း စပိန်က ချန်ပီယံဆုကို ၁၀ ကြိမ်အထိ ရယူနိုင်ခဲ့မှုနဲ့အတူ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေနိုင်တာကြောင့်လည်း စပိန်ဟာ ဒီပြိုင်ပွဲမှာတော့ အငြင်းပွားဖွယ်ရာမရှိတဲ့ အအောင်မြင်ဆုံး အသင်းလို့တောင် သတ်မှတ်ခြင်းခံထားရကာ ဒီပြိုင်ပွဲကို ဖီဖာလူငယ်ပြိုင်ပွဲအဖြစ် စတင်ကျင်းပခဲ့ကတည်းက ယနေ့အချိန်အတွင်းမှာဆိုရင်တော့ အင်္ဂလန်က ချန်ပီယံဆု ကိုးကြိမ် ရယူထားနိုင်တာကြောင့် ဒီပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းဖြစ်နေပေမယ့်လည်း အင်္ဂလန်ဟာ ဥရောပယူ-၁၉ ပြိုင်ပွဲရယ်လို့ အမည်ပြောင်းလဲ ကျင်းပခဲ့တဲ့ကာလအတွင်းမှာတော့ ချန်ပီယံဆုကို တစ်ကြိမ်မှ ရယူနိုင်ခြင်းမရှိခဲ့ဘဲ ဥရောပယူ-၁၉ ပြိုင်ပွဲလို့ သတ်မှတ်ခဲ့ပြီးတဲ့နောက်မှာ ချန်ပီယံဆုကို သုံးကြိမ်ရယူနိုင်ခဲ့တဲ့ ပြင်သစ်က ယူ-၁၉ ပြိုင်ပွဲရဲ့ ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသလို ပြင်သစ်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဂျာမနီပြိုင်ပွဲမှာလည်း ချန်ပီယံဆုကို အရယူနိုင်ခဲ့တာကြောင့် ဒီပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံအသင်းလည်း ဖြစ်နေပါတယ်။

ဒါပေမယ့်လည်း ဒီတစ်ကြိမ်ပြိုင်ပွဲမှာတော့ ပြိုင်ပွဲသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းဖြစ်တဲ့ စပိန်နဲ့ ယူ -၁၉ ပြိုင်ပွဲရဲ့ဒုတိယအအောင်မြင်ဆုံးလည်းဖြစ်၊ လက်ရှိချန်ပီယံလည်း ဖြစ်တဲ့ ပြင်သစ်တို့နှစ်သင်းစလုံး ခြေစစ်ပွဲအောင်မြင်ခြင်း မရှိခဲ့ကြတာကြောင့် ပါဝင်လာနိုင်ခြင်းမရှိဘဲ အိမ်ရှင်ဂျော်ဂျီယာနဲ့အတူ ခြေစစ်ပွဲအောင်မြင်လာခဲ့ကြတဲ့ ဂျာမနီ၊ ဟော်လန်၊ အင်္ဂလန်၊ ပေါ်တူဂီ၊ ဘူလ်ဂေးရီးယား၊ ချက်၊ ဆွီဒင်တို့ ရှစ်သင်းနဲ့သာ ပြိုင်ပွဲကိုကျင်းပသွားမှာဖြစ်ပါတယ်။

ပြောရမယ်ဆိုရင် ဒီတစ်ကြိမ်ပြိုင်ပွဲမှာ ပါဝင်ခွင့်ရလာတဲ့အသင်း ရှစ်သင်းအနက် ဥရောပ ယူ-၁၉ ပြိုင်ပွဲရယ်လို့ အမည်ပြောင်းလဲ ကျင်းပခဲ့ပြီးတဲ့နောက် ပြိုင်ပွဲမှာ ချန်ပီယံဆုကို ရယူနိုင်တဲ့အသင်းဆိုလို့ ဂျာမနီတစ်သင်းသာ ပါဝင်နေတာကလည်း ထူးခြားမှုဖြစ်ပါတယ်။ ဂျာမနီဟာ ၂၀၀၈ ပြိုင်ပွဲနဲ့ ၂၀၁၄ ပြိုင်ပွဲတွေမှာ ချန်ပီယံဆုကို အရယူနိုင်ခဲ့တာဖြစ်ပြီး အင်္ဂလန်၊ ဟော်လန်တို့အပါအဝင် ကျန်အသင်းတွေကတော့ ဒီဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲမှာ ချန်ပီယံဆုကို တစ်ကြိမ်မှ ရယူနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်လည်း ဒီတစ်ကြိမ်ပြိုင်ပွဲဟာ ဥရောပ ယူ-၁၉ ပြိုင်ပွဲသမိုင်းကြောင်းအတွင်း ချန်ပီယံသစ်ပေါ်ထွက်နိုင်ခြေအရှိဆုံးပြိုင်ပွဲလို့လည်းဆိုနိုင်ကာ စိတ်ဝင်စားဖို့ကောင်းနေတယ်။

အထူးသဖြင့်ပေါ့။ တစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ပြိုင်ပွဲဖြစ်တဲ့ ဒီဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကနေ ကမ္ဘာ့ထိပ်တန်း ကစားသမားကောင်းအချို့ပါ ထွက်ပေါ်ခဲ့ဖူးတယ်။ ဖာနန်ဒို တောရက်စ်၊ မိုရာတာ၊ အကွီလာနီ၊ အဆန်စီယိုတို့လို ကစားသမားကောင်းတွေဟာ ဒီပြိုင်ပွဲကိုအခြေပြုပြီး ကမ္ဘာ့ဘောလုံးလောကမှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့ကြတာဖြစ်တယ်။ ဒါကြောင့်လည်း ဒီတစ်ကြိမ်ပြိုင်ပွဲမှာရော ချန်ပီယံသစ် ထွက်ပေါ်လာမှာလားဆိုတာအပြင် ဘယ်လိုကစားသမားကောင်းတွေလည်း ထွက်ပေါ်လာမလဲဆိုတာကိုပါ စောင့်ကြည့်သွားရဖို့ ရှိနေတယ်လို့သာ ဆိုချင်မိပါတယ်။



# ပရီမီယာလိဂ်မြက်ခင်းပြင်ပေါ်မှာ ပြန်လည်တွေ့မြင်ရမယ့် လီဗာပူးရဲ့အားသစ် ဆာလက်

အောင်က

လီဗာပူးအသင်းဟာ ရိုးမားအသင်းရဲ့ တောင်ပံကစားသမား ဆာလက်ကို အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၉ သန်းနဲ့ ခေါ်ယူလိုက်ပါတယ်။ ၂၀၁၄ ခုနှစ်က ဆာလက်ဟာ ဘေဆဲလ်အသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ကို ပထမဦးဆုံးအကြိမ် ခြေချခွင့်ရရှိခဲ့ပါသေးတယ်။ဒါကြောင့်လည်း ပရီမီယာလိဂ်ဟာ ဆာလက်အတွက် အစိမ်းသက်သက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဆာလက်ရဲ့ ချယ်လ်ဆီးအသင်းကို ပေါင် ၁၂ သန်းနဲ့ ပြောင်းရွှေ့ခဲ့မှုဟာ ကောင်းမွန်တဲ့အသီးအပွင့်တွေ မဖြစ်ခဲ့ပါဘူး။ သူဟာ ချယ်လ်ဆီးအသင်းမှာ ပွဲထွက်ကစားခွင့် ခြောက်ကြိမ်သာရရှိခဲ့ပြီး ဖီအိုရင်တီးနားအသင်းကို အငှားနဲ့ သွားရောက်ကစားခဲ့ရပါတယ်။ အဲ့ဒီနောက်ပိုင်း ရိုးမားအသင်းကို အငှားနဲ့ထပ်မံကစားခဲ့ရပါတယ်။ ရိုးမားအသင်းကတော့ ဆာလက်အတွက် အောင်မြင်မှုတို့ ဖူးပွင့်ရာ နေရာလို့ ပြောရမှာပါ။ ဒါကြောင့်လည်း လီဗာပူးအသင်း မန်နေဂျာ ဂျာဂင်ကလော့ဟာ အသင်းအတွက် အကောင်းဆုံးဖြစ်လာဖို့ မျှော်လင့်ချက်နဲ့ ဆာလက်ကို အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ ဆာလက်ရဲ့ အရည်အချင်းတွေကလည်း လီဗာပူးအသင်းကနေ ခေါ်ယူရလောက်အောင် ခြေစွမ်းကောင်းတွေ ရှိနေတယ်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။

## ခြေစွမ်းကောင်းသူ

ပြီးခဲ့တဲ့ရာသီအတွင်း ဆာလက်ရဲ့ဂိုးသွင်းယူနိုင်မှု၊ ဂိုးရရှိဖို့အတွက် ပံ့ပိုးနိုင်မှုတွေကိုကြည့်မယ်ဆိုရင် ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး ဒိုင်ဘာလာထက် သာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆာလက်ဟာ ပြီးခဲ့တဲ့ရာသီအတွင်း စီးရီးအေမှာ ၁၅ ဂိုး သွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် ၁၁ ကြိမ် ပံ့ပိုးပေးထားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒိုင်ဘာလာကတော့ ၁၁ ဂိုးသာသွင်းယူပေးပြီး ဂိုးရရှိဖို့ ခုနစ်ကြိမ်သာ ပံ့ပိုးထားနိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့နှစ်ရာသီအတွင်း ဆာလက်ရဲ့ ဂိုးသွင်းယူမှုနဲ့ ဂိုးရရှိအောင် ပံ့ပိုးနိုင်မှုတွေဟာ နာပိုလီနာမည်ကြီးကစားသမား ဟမ်ဆစ်ထက်တောင် သာပါတယ်။ ဆာလက်ဟာ ပြီးခဲ့တဲ့နှစ်ရာသီအတွင်း ဂိုးသွင်းယူမှုဟာ ၂၉ ဂိုးရှိခဲ့ပြီး ဟမ်ဆစ်ထက် ၁၁ ဂိုး ပိုများပါတယ်။

## အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပြသူ

လီဗာပူးအသင်းရဲ့ကွင်းလယ်ကစားသမား ဝီနာဒမ်ဟာ အသင်းရဲ့ကွင်းလယ်အတွက် ယုံကြည်အားကိုးရတဲ့ကစားသမား တစ်ဦးအဖြစ် တွေ့မြင်ရမှာပါ။ ဒါပေမယ့် ဝီနာဒမ်ဟာ လီဗာပူးအသင်းကို ရောက်ရှိခဲ့တဲ့ တစ်ရာသီအတွင်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပြပြီး ဂိုးတွေသွင်းယူနိုင်ခြင်း မရှိပါဘူး။ ဒါပေမယ့် ဆာလက်ကတော့ ရိုးမားအသင်းမှာ ကစားခဲ့တဲ့ နှစ်ရာသီအတွင်း ၂၉ ဂိုး ရှိခဲ့ပြီး အိမ်ကွင်းမှာ ၁၇ ဂိုး သွင်းယူထားနိုင်သလို အဝေးကွင်းပွဲစဉ်တွေမှာလည်း ၁၂ ဂိုး သွင်းယူထားနိုင်ပါတယ်။ ဒါကြောင့်လည်း ဆာလက်ဟာ အိမ်ကွင်း၊ အဝေးကွင်း မရွေးခြေစွမ်းပြကစားနိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် ရှိတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ရာသီအတွင်း လီဗာပူးအသင်းမှာ ၁၃ ဂိုးထက် ပိုမိုကျော်လွန်ပြီး ဂိုးသွင်းယူနိုင်တဲ့ကစားသမား မရှိခဲ့ပါဘူး။ ဒါပေမယ့် အခုလီဗာပူးအသင်းကိုရောက်ရှိလာတဲ့ နံပါတ် ၁၁ ကစားသမား ဆာလက်ကတော့ ပြီးခဲ့တဲ့ နှစ်ရာသီအတွင်း ၁၄ ဂိုးနဲ့ ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ တောင်ပံ ကစားသမားတစ်ဦးအနေနဲ့ သူ့ရဲ့ဂိုးရရှိမှုကလည်း ပြီးခဲ့တဲ့ ရာသီအတွင်း ၂၃ ဒသမ၄ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ အဲ့ဒီစံနှုန်းဟာ လီဗာပူးကစားသမားတွေဖြစ်တဲ့ ကော်တင်ညို၊ ဖာမီနိုတို့ထက်သာပါတယ်။ ပြီးခဲ့တဲ့ရာသီက ကော်တင်ညိုရဲ့ ဂိုးရရှိမှုနှုန်းဟာ ၁၈ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ဖာမီနိုရဲ့ ဂိုးရရှိမှုကတော့ ၁၅ ဒသမ၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။

## ကံကောင်းစေတဲ့ တိုက်စစ်မှူး

ဆာလက်ဟာ ပြီးခဲ့တဲ့နှစ်ရာသီအတွင်း ရိုးမားအသင်းအတွက် မတူညီတဲ့ လိဂ်ပွဲ ၂၃ ပွဲမှာ ဂိုးသွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။ သူဂိုးသွင်းယူပေးခဲ့တဲ့ ၂၃ ပွဲမှာ ရှုံးနိမ့်တဲ့ပွဲဆိုလို့ တစ်ပွဲသာ ရှိပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ရာသီအတွင်း ဆာလက်ရဲ့ သွင်းဂိုးတွေကြောင့် ရိုးမားအသင်းဟာ စီးရီးအေအမှတ်ပေးဇယားရဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်ရိုးမားအသင်းအတွက်တော့ ဆာလက်ဟာ ကံကောင်းစေတဲ့ ကစားသမားတစ်ဦးလို့တောင် ပြောရမှာဖြစ်ပါတယ်။ လီဗာပူးအသင်းအတွက်တော့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားခဲ့တဲ့ တောင်ပံကစားသမားသစ် ဆာလက်ဟာ အသင်းရဲ့ဆုဖလားမျှော်မှန်းချက်တွေအတွက် အကောင်းဆုံး အားဖြည့်ပေးမယ့်သူအဖြစ် တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ရာသီသစ်မှာ ပရီမီယာလိဂ်ရဲ့ မြက်ခင်းစိမ်းတွေပေါ်မှာ တစ်ကျော့ပြန်လည်တွေ့မြင်ရမယ့် ဆာလက်ကို စောင့်မျှော်ရင်း......

## သဘာဝဘေးကြောင့် ထိခိုက်မှုလျော့ပါးရေး လေ့ကျင့်ပညာပေး

**ဖျာပုံ ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း၌ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများလျော့ပါးစေရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဒေသခံများကိုယ်တိုင် စနစ်တကျ တုံ့ပြန်ခုခံနိုင်ရန် ရည်ရွယ်လျက် သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်သင်တန်းများကို ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဖွင့်လှစ်ပေးလျက်ရှိရာ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်က ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ဖျာပုံခရိုင်မှာ ဒီဒေသကသဘာဝဘေးအလွယ်တကူကျရောက်နိုင်တဲ့ ကမ်းခြေဒေသတစ်ခု ဖြစ်ပါတယ်။ ရုတ်တရက် သဘာဝဘေးကျရောက်ခဲ့ရင် ဒေသခံတွေကိုယ်တိုင် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့အတွက် ဒေသခံစေတနာ့ဝန်ထမ်းလူငယ်တွေကို အခုလို သဘာဝဘေးလျော့ပါးရေးလုပ်ငန်းတွေ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပါတယ်"ဟု ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ပြောသည်။

နှစ်ရက်ကြာဖွင့်လှစ်ခဲ့သည့် ကြိမ်ချောင်းကြီးကျေးရွာ သင်တန်းတွင် ကျေးရွာမှ ဒေသခံလူငယ် ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းသား သင်တန်းသူများ ဦးဆောင်လျက် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍ မုန်တိုင်းသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကိုလည်း လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

ဖျာပုံခရိုင်အတွင်းမှ သဘာဝဘေးဖြစ်နိုင်ခြေများသည့်ဒေသများတွင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် ကူညီဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်းလူငယ်သင်တန်းများကို အကြိမ် ၂၀ ထက်မနည်း ဆက်လက်ဖွင့်လှစ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ကော်မတီမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ဖြူး**

တောင်ငူခရိုင် ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ ဖြူးမြို့ ဘူတာတောင်ရပ်ကွက် ၂၄ လမ်း အထက (ခွဲ) ကျောင်းဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ ကံ့ကော်နှင့် မန်ကျည်းရှားပျိုးပင်စုစုပေါင်း ၁၀၀၀ ကို မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်လင်း ဦးဆောင်သော ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲမှူး ဦးမြင့်လွင်သန်းနှင့် ပူးပေါင်းအဖွဲ့က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

**တာချီလိတ်**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ပုံလို့ဘုန်းတော်ကြီးကျောင်းဝင်း၌ ဇွန် ၂၈ ရက်က သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာသူ ကျေးရွာသားများက ကျွန်း၊ မဲဇလီ၊ ယမနေ၊ ခရေ၊ တမာ၊ တောင်တမာ၊ ချယ်ရီ၊ မဟော်ဂနီ၊ ပိတောက်၊ ပျဉ်းကတိုး၊ ယင်းမာ၊ ကံ့ကော်၊ အမြောက်ဆံ၊ မျောက်ငို၊ မန်ကျည်း၊ သရက်နှင့် အော်ရီရှား စုစုပေါင်း အပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**မော်လမြိုင်**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က မော်လမြိုင်မြို့နယ် မုရောင်းကျေးရွာရှိ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေတို့က ကျွန်းပင်၊ မဟော်ဂနီပင်၊ သင်္ကန်း၊ ပိတောက်၊ မန်ကျည်းရှား စုစုပေါင်းပျိုးပင် ၅၄၆ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

**သီပေါ**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက်က ဘော်ကြိုဘုရားကြီး ပရဝဏ်၌ ကျင်းပရာ ကျောက်မဲ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရန် ပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ညွန့်နှင့် တာဝန်ရှိသူများက ကံ့ကော်၊ ခရေ၊ ရေသင်းဝင်၊ ရေပိတုန်းနှင့် ဗဒံစသည့်သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးရာ တက်ရောက်လာကြသည့် သစ်ပင်ချစ်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်ပေါင်း ၅၄၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လျှပ်စစ် ၄၀၀ ဗို့ ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရမည်းသင်း ဇွန် ၃၀**

လျှပ်စစ် ၄၀၀ ဗို့ ဓာတ်အားလိုင်း တိုးချဲ့ခြင်း၊ လမ်းမီးလုံးများထွန်းခြင်း လုပ်ငန်း ပထမနှစ်စက်ဝန်း လူထုဗဟိုပြုစီမံကိန်း ဖော်ဆောင်မှုလုပ်ငန်း ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် အခမ်းအနားကို အရေးပိုင်ကျေးရွာ ဘုန်းကြီးကျောင်းခန်းမ၌ ဇွန် ၂၈ ရက်က ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အရေးပိုင်ရွာ၊ အောင်သာရွာ၊ ကျွဲတပ်ကျေးရွာတို့တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရမည်းသင်းမြို့ လူထုဗဟိုပြုလုပ်ငန်း ပထမနှစ်စက်ဝန်း ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်လအတွင်း လုပ်ငန်းများ အပြီးဆောင်ရွက်နိုင်သည်။

ကျွဲတပ်ကျေးရွာအုပ်စု ကျွဲတပ်ရွာ တိုးချဲ့ ဓာတ်အားလိုင်း ပေ ၂၄၂၀ ကို ငွေကျပ် ၈၇၂၂၉၀၊ အရေးပိုင်ကျေးရွာ တိုးချဲ့ ဓာတ်အားလိုင်း ၁၃၉၇ ပေကို ငွေကျပ် ၄၄၈၂၂၅၊ အောင်သာကျေးရွာ တိုးချဲ့ ဓာတ်အားလိုင်း ၂၁၅၆ ပေကို ငွေကျပ် ၇၆၅၂၈၂၀ တင်ဒါရရှိအောင်မြင်သည့် ရမည်းသင်း ဆင်ဖြူတော်လျှပ်စစ် လုပ်ငန်းဝန်ဆောင်မှုကုမ္ပဏီက တစ်လအတွင်း သုံးရွာတစ်ပြိုင်တည်း အပြီးဆောင်ရွက်ခဲ့သည်။ လျှပ်စစ်လိုင်းတည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် တာဝန်ကျ လျှပ်စစ်လိုင်းမင်းများ ကွင်းဆင်းစစ်ဆေးအတည်ပြု လက်ခံ၍ လျှပ်စစ်မီးလိုင်းများချိတ်ဆက်ကာ လမ်းမီးများ စတင်မီးလွှတ်ခွင့်ပြုပြီးဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက(သဲကုန်း)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဗညားအောင်၏ဖခင်အမည်မှန်မှာ ဦးဇေယျာ ၁၀/ပမန (နိုင်) ၁၁၆၃၈၉ ဖြစ်ပါကြောင်း။ **ဦးဇေယျာ**

**မိဘအမည်မှန်**

ပေါင်မြို့နယ်၊ အထက(ဇင်းကျိုက်)၊ တက္ကသိုလ်ဝင်တန်းမှ မသူဇာအေး၏ မိဘအမည်မှန်မှာ ဦးရာဇွန်ဒရာ ၁၀/ပမန (နိုင်)၀၈၆၉၄၀ နှင့် ဒေါ်တင်တင်ထွေး ၁၀/ပမန(နိုင်)၂၂၅၅၆၉ ဖြစ်ပါကြောင်း။ **ဦးရာဇွန်ဒရာ-ဒေါ်တင်တင်ထွေး**

**အမည်မှန်**

ကျောက်တံခါးမြို့၊ ကန်ကလေးကျေးရွာအုပ်စု၊ ကန်ကလေးကျေးရွာနေ ဦးမြင့်ဝင်း ၇/ကတခ(နိုင်)၀၀၅၈၀၁-ဒေါ်မြင့်မြင့်ထွန်း ၇/ကတခ(နိုင်)၀၈၁၂၄၇တို့၏သမီး မနှင်းအိ ၇/ကတခ(နိုင်)၁၈၅၄၆၀ ၏ အမည်မှန်မှာ မနှင်းအိရွှေရည်ဝင်း ဖြစ်ပါသည်။ **မနှင်းအိရွှေရည်ဝင်း**

**Taxi ကော်ဂြာကပ်ရန်**

ကော်ဂြာကပ်ခြင်းဖြင့် အပိုဝင်ငွေရလိုသော တက္ကစီယာဉ်များဆက်သွယ်ရန်။ မည်သည့် ဗင် တက္ကစီယာဉ်မဆို ကပ်လို့ရနိုင်ပါသည်။ ရန်ကုန်မြို့တွင်း ပြေးဆွဲသည့် ယာဉ်များ ကပ်နိုင်ပါသည်။ တစ်နှစ်အတွင်း ကော်ဂြာကပ်ခ ၂၂၀၀၀၀ ရရှိနိုင်ပါသည်။

ဖုန်း-၀၉-၅၀၈၃၂၈၈၊ ၀၉-၇၈၅၀၈၃၂၈၈

**Office Staff ခန့်ထားရန်**

- အခြေခံ အင်္ဂလိပ်စာနားလည်ရမည်။
- Microsoft Office သုံးနိုင်ရမည်။
- အခြေခံ စာရင်းအင်း နားလည်ရမည်။

ဆက်သွယ်ရန် - 09-4202-74496










နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍
MRTV , FOREVER GROUP နှင့် ရွှေသံလွင်မီဒီယာ SKYNET တို့မှ ဂုဏ်ယူစွာတင်ဆက်သည့်
PEACE MUSIC FESTIVAL
ငြိမ်းချမ်းရေး ဂီတပွဲတော် ၂၀၁၇
Peace Music Festival 2017
Level-1
TAUNGGYI
@peacemusicfestival
Level -1 ပဏာမအသံစစ်ဆေးခြင်းကျင်းပမည့်မြို့များ
တောင်ကြီးမြို့ မြစ်ကြီးနားမြို့ ဟော်လမြိုင်မြို့ လားရှိုးမြို့ ပုသိမ်မြို့ ကလေးမြို့ ရန်ကုန်မြို့ စစ်တွေမြို့ နေပြည်တော် မန္တလေးမြို့
တောင်ကြီးမြို့ ပဏာမအသံစစ်ဆေးခြင်း
ကျင်းပမည့်နေရာ » တောင်ကြီးမြို့မြို့တော်ခန်းမ
အသံစစ်ဆေးမည့်ရက် » ၅.၇.၂၀၁၇ (ဗုဒ္ဓဟူးနေ့) နှင့် ၆.၇.၂၀၁၇ (ကြာသပတေးနေ့)
Stage Rehearsal » ၈.၇.၂၀၁၇ (စနေနေ့)
Level 1 Live ယှဉ်ပြိုင်ခြင်း » ၉.၇.၂၀၁၇ (တနင်္ဂနွေနေ့)
LIVE on MRTV
Diamond Sponsor
PREMIER COFFEE
Media Partners
mitv
MRTV-4
mntv
Channel7
Supporting Partners
SHWE SIN SET KYAR EXPRESS
မိတ်ကပ် ညက်ညက် (လှည်းတန်း)


A Sincere THANK YOU to people across Myanmar.
Today, we proudly provide our service through 20 showrooms in 7 divisions nationwide.
Sagaing
Mandalay
Magway
NayPyiTaw
Yangon
Pathein
Mawlamyine
ဆုဇူကီးရဲ့မြန်မာပြည်သူပြည်သားများကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြရန်
ကျွန်တော်တို့ရဲ့ဆုဇူကီး(မြန်မာ)ကုမ္ပဏီမှ မြန်မာပြည်အတွက် နောက်ထပ် ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။
(၁) ၂၀၁၈ ခုနှစ်မှ စတင်ပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ ဆုဇူကီး(မြန်မာ)ရဲ့ခေတ်မီသစ်လွင်တဲ့ မော်တော်ကားထုတ်လုပ်ရေးစက်ရုံ စတင်လည်ပတ်ပါမယ်။
(၂) အရည်အသွေးနဲ့ စွမ်းရည်တိုးမြင့်ထားတဲ့ ထုတ်လုပ်ရေးစွမ်းအားကြောင့် အရေအတွက်ပိုများတဲ့ မော်တော်ကားများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။
(၃) မြန်မာပြည်အနှံ့က ဒေသတွေမှာ ဆုဇူကီး တရားဝင်အရောင်းပြခန်းတွေကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။
(၄) မြန်မာပြည်က ဆုဇူကီးကားအသုံးပြုသူများအတွက် အရည်အသွေးမြင့်မားတဲ့ဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။
JAPAN STANDARD
ERTIGA
Ciaz
Sagaing
Mandalay
Magway
NayPyiTaw
Pathein
Mawlamyine
Yangon
လူကြီးမင်းက မြန်မာပြည်အတွက် ပိုမိုတောက်ပတဲ့အနာဂတ်တစ်ခု တည်ဆောက်ပေးချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ဆုဇူကီး(မြန်မာ)က လူကြီးမင်းကို ဆုဇူကီးရဲ့တရားဝင်အရောင်းပြခန်းကွန်ရက်ကို အားဖြည့်တိုးချဲ့ရင်း တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ကျွန်တော်တို့နဲ့အတူ လျှောက်လှမ်းဖို့ ဖိတ်ခေါ်ပါရစေ။
Contact us at CALL CENTER 01-2399-777
Dealership Network
Yangon
(1) Lwin and Swan 01-393070
(2) Aung Motor 01-655813
(3) Myo Motor 01-400399
(4) Yenadi Motor 01-201619
(5) CACT 09-454247772
(6) MC Ayeyar 01-578262
(7) Garmanit Zaya 09-777884888
(8) Yangon Suzuki 09-777735353
(9) MMC 09-444785775
(10) Farmer Auto 09-456844645
(11) MADP 09-425473949
Mandalay
(12) United Eleven 09-257199911
(13) MADP-AIG 09-73040366
(14) Century 09-777777085
Sagaing
(15) CKA 09-975551944
Pathein
(16) CGDC 09-771212985
Nay Pyi Taw
(17) Ayeyar Hinthar 09-787148795
(18) Farmer Auto 09-5601364
Magway
(19) Farmer Auto 09-421035998
Mawlamyine
20) Mawlamyine Suzuki 09-422615945
Suzuki (Myanmar) Motor Co., Ltd.
Plot No. 476 (C), Moegoke St., Block No.(23), Industrial Zone,
South Dagon Township, Yangon, Myanmar.
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI THILAWA MOTOR CO., LTD.
Plot No.A-1, Zone A, Thilawa Special Economic Zone.
SUZUKI
Way of Life!







မြန်မာပြည်တွင် ပထမဦးဆုံးအဖြစ် အထူးမြန်နှုန်းမြင့် **4x4 MIMO** နည်းပညာကို **MPT** မှ သုံးစွဲသူများလက်ထဲ အရောက်ပို့ပေးလိုက်ပါပြီ။

**4x4 MIMO** အဆင့်မြင့်နည်းပညာကြောင့် သာမန် **4G/LTE** ထက် ၂ဆ ပိုမိုမြန်ဆန်သော **Internet** ကို အသုံးပြုနိုင်မှာ ဖြစ်ပါသည်။

***4G Internet** အသုံးပြုနိုင်သော **Mobile Phone** ဖြစ်ရန် လိုအပ်ပါသည်။

***4x4 MIMO Internet** အသုံးပြုလိုပါက သတ်မှတ်ထားသော **Mobile Phone** ဖြစ်ရန် လိုအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (၂၀၁၇ ခုနှစ် ဇွန်လ ၂၉ ရက်)


၁။ (၅) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၅) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **'က' အက္ခရာမှ အစဉ်လိုက် 'အ' အက္ခရာထိ** အက္ခရာလုံးရေ ၃၃ လုံးနှင့် **'ကက' အက္ခရာမှ အစဉ်လိုက် 'ကထ' အက္ခရာထိ** (၁၇)လုံး စုစုပေါင်း အက္ခရာ (၅၀) လုံးခန့်၊ ထီစာအုပ်ပေါင်း (၄၀၈၅၀၁၇) အုပ်ကို ခွဲဝေဖြန့်ဖြူးပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1) ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၃-၇-၂၀၁၇ ရက်မှ ၂၄-၇-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၄။ (၅) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



၅။ (၅) ကြိမ်မြောက် ကျပ် ၅၀၀ တန် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း (၅၀၀၀)၊ ကျပ်သိန်း (၃၀၀၀)နှင့် ကျပ်သိန်း (၁၀၀၀)ဆုများပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

၆။ (၅) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်မှစတင်၍ **အကြိမ်မြောက်နှင့် ဖွင့်လှစ်မည့်ရက် စာသားမပါဝင်သော အရန်ထီလက်မှတ်များ**အား ရောင်းချခြင်းမရှိကြောင်းကိုလည်း အလေးထားအသိပေးအပ်ပါသည်။

၇။ ထို့ပြင် ၂၀၁၇ ခုနှစ် ဩဂုတ် ၁ရက်တွင် ရောင်းချမည့် **(၆)ကြိမ်မြောက်** ကျပ် ၅၀၀ တန် ထီလက်မှတ်များကိုလည်း **အက္ခရာလုံးရေ(၅၅)လုံး** ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ထီစာအုပ်များ ထပ်မံဝယ်ယူရောင်းချလိုသူများရှိပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် တင်ပြလျှောက်ထားနိုင်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနေဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**


**စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အုတ်ထုတ်လုပ်ရေးဌာန(တည်းကုန်း)ရှိ အဆောက်အအုံအဟောင်း၊ စက်နှင့်စက်ပစ္စည်းကိရိယာအဟောင်းများနှင့် အမှတ်(၃၄) အကြီးစားစက်ရုံ (သာယာဝတီ)ရှိ စက်အရန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ထပ်မံကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပုံစံများနှင့်စည်းကမ်းချက်ကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ၇-၆-၂၀၁၇ရက်မှ ၅-၇-၂၀၁၇ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၅-၇-၂၀၁၇ရက် ၁၂း၀၀ နာရီတိတိ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန်ဖြစ်ပါသည်။ ဖုန်း ၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ Tyre (၃၃)မျိုးနှင့် Battery (၆)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov.mm နှင့် ရုံးရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး**
**စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ ခုတင်(၅၀၀)ဆံ့ စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)တွင် လူနာများအား ကုသရန်အတွက် လိုအပ်သော(FDA)အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင် အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၇-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်သွင်းရမည့် ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၇၉**

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**(စည်ပင်သာယာရေးဝန်ကြီးဌာန)**
**ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အဝေးပြေးကားဝင်းတည်ဆောက်ခြင်းလုပ်ငန်းအား**
**လာရောက်ရှင်းလင်းရန်**

၁။ ဦးအောင်သိန်း(ဥက္ကဋ္ဌ) ကောင်းထိုက်စံဆောက်လုပ်ရေးအဖွဲ့၊ ပုသိမ်မြို့အား ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် နှစ်ဦးသဘောတူညီချက်အရ သတ်မှတ်ရက်ထက် နောက်ကျပါက ဒဏ်ကြေးငွေတစ်ရက်လျှင် (၁)သိန်းကျပ် အဖွဲ့သို့ပေးဆောင်ရန် စာချုပ်အရ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတစ်ခုလုံးကို ကောင်းထိုက်စံဆောက်လုပ်ရေးအဖွဲ့မှ ဆောင်ရွက်စေခဲ့ပြီး အဖွဲ့သို့အပ်နှံခြင်းမရှိသည့်အပြင် အဖွဲ့သို့ အပြီးအပိုင်လွှဲပြောင်းစေရေးအတွက် ကောင်းထိုက်စံ (ဥက္ကဋ္ဌ) ဦးအောင်သိန်းထံသို့ စာဖြင့်(၃)ကြိမ် အကြောင်းကြားထားသော်လည်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အတွက် ၃-၇-၂၀၁၇ရက်အရောက် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လာရောက်ရှင်းလင်းပေးပါရန်နှင့် လာရောက်ရှင်းလင်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ရှမ်းပြည်နယ်**
**အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**
**ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tender)**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **အခြေခံပညာကျောင်း/ ရုံးအဆောက်အအုံ** - ရှမ်းပြည်နယ်(တောင်ပိုင်း) Lot(၂၀)ခု
- ရှမ်းပြည်နယ်(မြောက်ပိုင်း) Lot(၉)ခု
- ရှမ်းပြည်နယ်(အရှေ့ပိုင်း) Lot(၈)ခု

၂။ **တင်ဒါလျှောက်လွှာပုံစံ** - ၃-၇-၂၀၁၇ ရက်
**ရောင်းချမည့်ရက်/အချိန်** - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၇-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

၃။ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများသည် တာဝန်ယူဆောက်လုပ်သည့်ကျောင်းအတွက် အခြေခံပညာဦးစီးဌာန သတ်မှတ်ထားသော ခုံအရေအတွက်အား ဌာနသတ်မှတ်ထားသောဈေးနှုန်းဖြင့် ပြုလုပ်ပေးရမည်။

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူးရုံး** / **ညွှန်ကြားရေးမှူးရုံး**
**အဆောက်အအုံဦးစီးဌာန** / **လမ်းဦးစီးဌာန**
**ရှမ်းပြည်နယ်** / **ရှမ်းပြည်နယ်**
**(တောင်ပိုင်း၊မြောက်ပိုင်း၊အရှေ့ပိုင်း)** / **(တောင်ပိုင်း၊မြောက်ပိုင်း၊အရှေ့ပိုင်း)**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁) အထက(၁၀)မှ မောင်မိုးကျော်နှင့် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာ အထက(၄) အဋ္ဌမတန်းမှ မောင်မိုးဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ၉/ပဘန(နိုင်)၀၆၅၀၆၃ ဖြစ်ပါကြောင်း။

**ဦးလှအောင်**

**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့နယ်၊ တောင်သျောင်ကုန်းကျေးရွာ အထက အဋ္ဌမတန်း (C) မှ မောင်စိုးထက်ဦးနှင့် ကျောက်ဖျာကျေးရွာ မူလွန်ကျောင်း ဒုတိယတန်းမှ မောင်မင်းထက်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းခိုင် ၉/ရမသ(နိုင်) ၁၀၈၇၅၇ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းခိုင်**

**အမည်ပြောင်း**

ကိုအောင်လှဖြူ၏ သမီး ကျောက်ဖြူမြို့နယ် ကလန့်တဲ့အုပ်စု မူရင်းရွာနေ တက္ကသိုလ်ဝင်တန်း Grade Light ကိုယ်ပိုင်အထက်တန်းကျောင်းမှ မမေသက်ခိုင်အား မအိသက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိသက်ခိုင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/7359 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/9627 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် BPI ဆေးအစွမ်းထက်

60th BPI 1957 - 2017 Anniversary

BPI Since 1957

ပြည်သူ့ဆေးရုံကြီးများ / တပ်မတော်ဆေးရုံကြီးများ / အရောင်းစင်တာကြီးများ / လူမှုရေးအသင်းအဖွဲ့များ




သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများ၏ ထောက်ခံချက်နှင့်အတူ **စက်မှုဝန်ကြီးဌာန / BPI** သို့ တိုက်ရိုက် လျှောက်ထားဝယ်ယူနိုင်ကြပါပြီ ။

**YGN-Hot Line : 01 646271 , NPT-Hot Line : 067 408149**


**BPI ရန်ကုန်၊**
**ဆေးဝါးစက်ရုံလမ်း၊ အင်းစိန်။**
**ဖုန်း – ၀၁ ၆၄၆၂၇၁ ဖက်စ် – ၀၁ ၆၄၆၂၈၅**
email- aungzaw.dr@gmail.com

**စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း**
**ရုံးအမှတ်(၃၇)၊ ဇေယျာသီရိလမ်း၊ နေပြည်တော်။**
**ဖုန်း – ၀၆၇ ၄၀၈၁၄၉ ဖက်စ် – ၀၆၇ ၄၀၈၃၈၁**
email - mpimarketing37@gmail.com



## ဦးကျော်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) (Notary Public & Advocate) ပြုစုသည့်

# ရာဇဝတ်ကျင့်ထုံးဥပဒေ၌ကာ




**ပထမတွဲ** (ပုဒ်မ ၁ မှ ၃၅၂ ထိ) နှင့် **ဒုတိယတွဲ** (ပုဒ်မ ၃၅၃ မှ ၅၆၅ ထိ) **ထွက်ပြီ**

ပင်ရင်းဖြန့်ချိရေး – ထက် စာပေ TEL : 01 392851, 01 392735, 09 45215 0018, 09 45215 0028

အမှတ် (၃၃၃)၊ အခန်း ၃ (ပထမထပ်)၊ ဗိုလ်အောင်ကျော်လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ (နယ်ကိုယ်စားလှယ်များ ဆက်သွယ်နိုင်ပါသည်)



## ဝန်ထမ်း ဖိတ်ခေါ်ခြင်း

Manager Candidate (၂) ဦး /ကျား

-Age Between 25 & 40
-Having Spontaneity to Promote a business
-Willing to be an Excutive in near Future
-Good English & Nice Communication
-Computer & Management Skills

Ph: 09-4202-74496, 09-5183872



## ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် မြောက်ပိုင်း၊ ရွှေပြည်သာမြို့နယ် များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077
09-510 1862



## တာက်နေဝန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599
09-400448695
09-33100721



PUN HLAING SILOAM HOSPITALS

## ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"



နှလုံးသွေးကြောကျဉ်းရောဂါရာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပြီ....

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

ဇူလိုင်လ ( ၇ ) ရက်နေ့မှ ( ၉ ) ရက်နေ့အထိ

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ www.punhlaingsiloamhospitals.com

## ကမ္ဘာအေးစွန်းလွန်းဝါဆိုသင်္ကန်းကပ်ပွဲ

(၁၃၇၉ခုနှစ် ဝါဆိုလပြည့်နေ့)၈-၇-၂၀၁၇ ရက်(စနေနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကမ္ဘာအေးစွန်းလွန်း ဆရာတော်ဦးဝဇ အမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

**ကမ္ဘာအေးစွန်းလွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အငယ်တန်းစာရေး(၁၉)နေရာ၊ (လစာနှုန်း ကျပ် ၁၅၀၀၀၀-၂၀၀၀- ၁၆၀၀၀၀)
- (၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)
- (၂) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)
- (၃) ဥပဒေဘွဲ့(LL.B)
- (၄) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) B.A(IR)
- (၅) ဝိဇ္ဇာဘွဲ့(စာကြည့်တိုက်၊ သုတပညာ)B.A(LIS)
- (၆) ဝါဏိဇ္ဇဘွဲ့ (B.Com)
- (၇) စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) B.Ecom(Statistics)
- (၈) အခြားဘွဲ့ရရှိသူများ (အင်္ဂလိပ်စာ သို့မဟုတ် ကွန်ပျူတာဘာသာရပ် တစ်ခုခု ကျွမ်းကျင်မှုအထောက်အထား ပူးတွဲ၍ လျှောက်ထားရန်)

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀-၇-၂၀၁၇ရက်တွင် အသက် ၂၅နှစ်ထက်မကျော်စေရ။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်ရမည်။ (ကျွမ်းကျင်မှုအား လက်တွေ့စစ်ဆေးပါမည်။)

၃။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏ အလုပ်အကိုင်
- (စ) အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏ အလုပ်အကိုင်
- (ဆ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
- (ဇ) အမြဲတမ်းနေရပ်လိပ်စာတို့ကို မှန်ကန်စွာဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ပူးတွဲပါရှိရမည်-
- (က) (၁)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊
- (ဃ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (င) တစ်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ထောက်ခံချက်မူရင်း၊
- (စ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာတို့ ပူးတွဲပါရှိရပါမည်။

၅။ လျှောက်လွှာကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ရုံး၊ ရန်ကုန်တိုင်း ဒေသကြီးသို့ လိပ်မူ၍ လူကိုယ်တိုင် ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းစစ်စာမေးပွဲတွင် အောက်ပါဘာသာရပ်များကို ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့)တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | |
|---|---|---|
| (က) | မြန်မာစာ | အချိန်(၉နာရီမှ ၁၀နာရီ)အထိ |
| (ခ) | အင်္ဂလိပ်စာ | အချိန်(၁၀နာရီမှ ၁၁နာရီ)အထိ |
| (ဃ) | အထွေထွေဗဟုသုတ | အချိန်(၁၁နာရီမှ ၁၂နာရီ)အထိ |

၇။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၆-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်း ကျင်မှုစစ်ဆေးခြင်းကို ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁၀နာရီမှစတင်၍ ရန်ကုန် တိုင်းဒေသကြီးလွှတ်တော်ရုံး၊ အလုံလမ်း၊ ဒဂုံမြို့နယ်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ဖုန်း-၀၁-၂၃၁၃၂၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ကျောက်တံတားမြို့နယ်၊ လမ်း (၄၀)၊ တိုက်ခန်း၊ (၁၃' × ၄၀')၊ လမ်းမကြီး၊ ဈေး၊ ကျောင်း၊ ကားဂိတ်အနီး၊ မြို့လယ်ခေါင်၊ နေရာကောင်း၊ ရေမီးကောင်း (၃၇၅ သိန်း)

ဖုန်း - ၀၉ ၉၆၅၄၀၁၀၉၄၁၊ ၀၉ ၄၂၁၁၉၈၀၉၅၀


# လက်ထပ်ပြီးစီးခြင်း

ကနေဒါနိုင်ငံ Kingston မြို့နေ ဒေါက်တာဦးစိုးသိန်း (Radiation Oncologist, QUEEN'S University, Canada) နှင့် ဒေါ်မီနာသိန်းတို့၏သားဦး

**မောင်နေသွန်းသိန်း**

**Ph.D Math (Mc Gill University - Canada)**
**FELLOWSHIP (University of British Columbia, Canada)**
**MBA(Oxford University, England),**
**RHODES Scholar(Canada)**
**GOOGLE, New York**

**နှင့်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ အဘွားဒေါ်ခင်စု၏မြေး၊ ကနေဒါနိုင်ငံ Mississauga, Toronto မြို့နေ ဒေါက်တာဦးခင်မောင်မြင့် (Family Physician)နှင့် ဒေါ်ခင်မြအေးတို့၏သမီး

**ဒေါက်တာခိုင်စုလင်း**

**B.Sc(Mc Gill University - Canada)**
**M.B.,B.S (Limerick University - Ireland)**
**Psychiatry Residency (Memorial University - Canada)**

တို့သည် Canada နိုင်ငံ St.Catherines မြို့၌ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်၌ ၂၀၁၇ခုနှစ် ဇွန် ၁၈ရက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်နေသွန်းသိန်းနှင့် ဒေါက်တာခိုင်စုလင်း**

## ကန့်ကွက်ကြော်ငြာစာ

ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက်၊ မြို့သစ်(၅)လမ်းရှိ မြေကွက်အမှတ် (၃၀၉)၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၉ဧကရှိမြေကွက်ကို ၁၅-၁၀-၁၉၉၉ရက်စွဲဖြင့် ကျုံမငေး အသင်းတိုက်မြေနေရာအဖြစ် ကျုံမငေးမြို့ တိုးချဲ့မြေနေရာချထားရေးအဖွဲ့မှ တရားဝင်ချထားပေးပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး(ကိုယ်စား)**
**(ကိုကိုဦး၊ ဒုတိယအုပ်ချုပ်ရေးမှူး)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်/ဦးပိုင်အမှတ်ဒ/၃၇၃၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ ဒေါ်ခင်စိန် (ဘ) ဦးအောင်ကြီး ၉/လဝန(နိုင်)၀၁၆၂၈၄ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ရီရီမြင့် (ဘ) ဦးညွန့်မောင် ၁၄/ဒဒရ(နိုင်)၀၀၄၉၇၉ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက် အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## စွန့်လွှတ်ခြင်း

မိုးညှင်းမြို့၊ အောင်သပြေ (၁)ရပ်ကွက်နေ ကျွန်မ၏သမီး မသဲရွှေစင် ၁/မညန(နိုင်) ၁၈၀၁၅၇ သည် မိဘဆိုဆုံးမသည်ကို နားမထောင်ဘဲ ၉-၆-၂၀၁၇ရက်တွင် သူ့ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှစွန့်လွှတ်လိုက်သည်။

**ဒေါ်ရွှေရွှေ ၅/ဟမလ(နိုင်)၀၄၃၃၃၀**

**စာအုပ်စာပေလူ့မိတ်ဆွေ**

## ဖခင်အမည်မှန်

လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ အထက အင်းတိုင် တက္ကသိုလ်ဝင်တန်း(A)မှ မောင်လှိုင်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၁၂/လကန(နိုင်)၁၅၆၂၅၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မှန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် မူးရစ်ကလေးအထက တက္ကသိုလ်ဝင်တန်း(B)မှ မသက်မှူးလှိုင် ၁၀/ခဆန(နိုင်)၁၅၆၈၅၂ ၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာထွန်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက(၃)တာမွေ အဋ္ဌမတန်းမှ မောင်ဖိုလ်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ဖြစ်ပါသည်။

**ဦးနိုင်ဝင်း**
**၁၄/ဓနဖ(နိုင်)၀၁၉၈၈၇**

## ဖခင်အမည်မှန်

SUCCESS- ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဝင်းဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၁၄/ရကန(နိုင်)၀၈၉၁၀၂ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/7574 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4149 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**


**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**

**ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။**

**အိမ်အရောက်ငွေချေစနစ် ပွဲခပေးရန်မလို**

**Ph: 01-2339310, 01-2339355, 01-578044**


## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုသိနာရုံသာသနာ့မြေအတွင်းရှိ ဟောင်းနွမ်းနေပြီဖြစ်သော ဦးပေါင်းဓမ္မာရုံဖျက်သိမ်းခြင်းဆိုင်ရာ မူလအလှူရှင်များနှင့် အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ တဂေါင်းဘုရားလမ်း၊ ကုသိနာရုံဗျာဒိတ်ပေးမြတ်စွာဘုရားကြီး ကိန်းဝပ်စံမြန်းရာ သာသနာ့မြေအတွင်း၌ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဆောက်လုပ်လှူဒါန်းခဲ့သော ဦးပေါင်းဓမ္မာရုံမှာ ဟောင်းနွမ်းပျက်စီးနေပြီး ကြည်ညိုဖွယ်ရာမရှိ၍ ဖျက်သိမ်းရန် ဂေါပကအဖွဲ့မှ ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ပါသည်။ သာသနာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်ကြီး (၉)ပါးထံမှ ဩဝါဒခံယူပွဲကိုလည်း ၄-၆-၂၀၁၇ ရက်တွင်ကျင်းပပြုလုပ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူလအလှူရှင်များနှင့် ၎င်းတို့၏သား/သမီးမြေးမြစ်မိသားစုများရှိပါက ကုသိနာရုံဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ကြေညာသည့်ရက်မှစ၍ တစ်လအတွင်းနောက်ဆုံးထား၍ လူကိုယ်တိုင် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ကုသိနာရုံဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**

UNDP

**Vacancy Announcement / 020 /UNDP HR/2017**

**Title:** Local Security Assistant (UNDSS)
**Grade:** GS-6
**Duty Station:** Sittwe
**Responsible:** Under the overall guidance and supervision of the Security Adviser (SA) or the Field Security Coordination Officer (FSCO), the Local Security Assistant assists in the implementation of security operations and all matters relating to the management of safety and security for UN personnel in the country or in the region of assignment. **Qualifications and experience:** High School education is required to perform the duties of the post. At least 6 Years' experience in the area of safety or security, law enforcement, or related area such as security information or safety administration is required. Proficiency in Myanmar and English languages (both oral and written). **Application dead line: 13 July 2017**,
**Please apply follow online;**
https://jobs.partneragencies.net/erecruitjobs.html?JobOpeningId=10672

## ကုန်သည်စက်မှုအသင်းချုပ် လစဉ်ပညာရှင်များ ဟောပြောပွဲဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ လစဉ်ပညာရှင်များဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့ အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူများ အခမ်းအနားသို့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **ဟောပြောမည့်ခေါင်းစဉ်** | - | "အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ မဟာဗျူဟာမူဘောင်နှင့် ပင်မအစီအစဉ်များ" |
| **ဟောပြောမည့်သူ** | - | ဦးကျော်ဆန်းနိုင်၊ ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| **နေ့ရက်** | - | ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်(စနေနေ့) |
| **အချိန်** | - | မွန်းလွဲ ၂ နာရီ |
| **နေရာ** | - | မင်္ဂလာခန်းမကြီး၊ ဒုတိယထပ်၊ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |

## နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၃-၇-၂၀၁၇ရက်မှ ၁-၈-၂၀၁၇ရက်အထိ |
| တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - | ၂-၈-၂၀၁၇ရက် ညနေ ၄နာရီ |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - | နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၈၁၀၆၁၈၆(စီမံဌာန) ဖုန်း-၀၆၇-၈၁၀၆၁၈၈ (အင်ဂျင်နီယာဌာန) |

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ မေတ္တာရပ်ခံစာပေးပို့

**နေပြည်တော် ဇွန် ၃၀**

ထိုင်းနိုင်ငံ၌ ဇွန် ၂၀ ရက်က ထုတ်ပြန်ခဲ့သည့် အလုပ်ရှင်၊ အလုပ်သမားဥပဒေသစ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးအကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ လိုအပ်သကဲ့သို့ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာတစ်စောင်ကို ယနေ့ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါစာတွင် ထိုင်းနိုင်ငံ၌ အလုပ်ရှင်၊ အလုပ်သမားဥပဒေသစ်ကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအကောင်အထည်ဖော်ရာတွင် ထိုင်းရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးမှုများ လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ ထိုင်းနိုင်ငံ၏ အသစ်ပြဋ္ဌာန်းသော ဥပဒေနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမှတ်ချက်မပြုလိုသော်လည်း ဥပဒေသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ လူ့အခွင့်အရေးကို အကာအကွယ်ပေးရေးအတွက် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လိုအပ်သကဲ့သို့ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# အိမ်ရှင်မြန်မာ ယူ-၂၂ အသင်း နိုင်ပွဲဆက်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် ဇွန် ၃၀**

၂၀၁၇ KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲအုပ်စု ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာနှင့် ဂျပန်တက္ကသိုလ်အသင်းနိုင်ပွဲဆက်ခဲ့ပြီး မြန်မာအသင်းက ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ရန်နိုင်ဦးပေးသော ဘောလုံးကို မောင်မောင်လွင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပိုကောင်းလာပြီး ၆၁ မိနစ်တွင် အောင်သူက ဒုတိယဂိုးသွင်းယူခဲ့သည်။ ၆၈ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီပေးခဲ့ရပြီး တန်ချူလောင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟောင်ကောင်အသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

ပထမပွဲတွင် ဂျပန်တက္ကသိုလ်အသင်းက ကမ္ဘောဒီးယား ယူ-၂၂ အသင်းကို ခြေအသာဖြင့်ကစားပြီး ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုပြိုင်ပွဲကို Title sponsor အဖြစ် ပံ့ပိုးကူညီပေးသည့် KBZ Bank သည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း ပြိုင်ပွဲမတိုင်မီ အတွေ့အကြုံကောင်းများရရှိပြီး အားနည်းချက်၊ အားသာချက်များကို အချိန်မီပြင်ဆင် ဖြည့်ဆည်းနိုင်ရန်အတွက် ကျင်းပပေးခြင်းဖြစ်သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို ဇူလိုင် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယခုပွဲအပြီးတွင် ဂျပန်တက္ကသိုလ်နှင့် မြန်မာအသင်းတို့က ခြောက်မှတ်စီ၊ ဟောင်ကောင်နှင့် ကမ္ဘောဒီးယားတို့က အမှတ်မရသေးဘဲ ချန်ပီယံဆုအတွက် မြန်မာနှင့်ဂျပန်ပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။



မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းယှဉ်ပြိုင်နေစဉ်



# အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံအိပ်မက် အမိမြေပေါ်တွင် ပြိုင်ဘက်ကို အနိုင်ယူကာ အကောင်အထည်ပေါ်လာ

**သတင်းမြင်ကွင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဇွန် ၃၀**

One Championship အဖွဲ့က ကြီးမှူးကျင်းပသည့် MMA ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုပွဲကို ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံ အားကစားခန်းမ(၁)၌ ယနေ့ညနေ ၆ နာရီမှ စတင်ကျင်းပရာ လက်ရှိချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်တို့ပွဲတွင် မြန်မာပရိသတ်အချစ်တော် အောင်လအန်ဆန်က ရုရှားနိုင်ငံသား လက်ရှိချန်ပီယံ ဗစ်တာလီ ဘစ်ဒက်ရှ်ကို ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်ပြီး အမှတ်ဖြင့်အနိုင်ယူကာ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို လက်ဝယ်ပိုင်ဆိုင်ခွင့် ရသွားပြီဖြစ်သည်။ **(အပေါ်ပုံ)**

"အားလုံးက အလွန်ပဲအရေးကြီးပါတယ်။ တစ်နေ့တွင် မြန်မာပြည်မှာ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ဖို့ပဲ ကျွန်တော်ရည်ရွယ်ကြိုးစားခဲ့တာ။ အရှူးအမူးကြိုးစားခဲ့လို့ အခုလိုအောင်မြင်မှုရခဲ့တာပါ။ မြန်မာပရိသတ်ကို ကျေးဇူးတင်တယ်။ စုပေါင်းပြီး ညီညီညွတ်ညွတ်လုပ်ရင် ဘာမဆိုဖြစ်နိုင်တယ်လို့ ကျွန်တော်က ခံယူပါတယ်။ ဒါကြောင့်မို့လည်း အခက်အခဲများစွာထဲက အခုလိုချန်ပီယံဖြစ်ဖို့ကို အချိန်တွေယူပြီး ကြိုးစားခဲ့ရလို့ အခုလို မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့တာပါ။ ဘယ်သူပဲ စိန်ခေါ်ခေါ် ဒီရွှေခါးပတ်ကို အတတ်နိုင်ဆုံး ကာကွယ်ထိန်းသိမ်းသွားမှာပါ။ အခုလို ပရိသတ်က တစ်ခဲနက်အားပေးလို့သာ ဒီရွှေခါးပတ်ကိုပိုင်ဆိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်"ဟု ပွဲအပြီးတွင် မီဒီယာများအား အောင်လအန်ဆန်က ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

